


# ရှင်နန္ဒကနှင့်ဘိက္ခုနီမငါးရာ

(၁၉–၁၂–၆၁)

၆၃

ကျေးရှူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၃၆)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားတော်မူသော တရားတော်

# "ရှင်နန္ဒကနှင့်ဘိက္ခုနီမငါးရာ"

(၁၉-၁၂-၆၁)

---

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၅) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

စာမူခွင့်ပြုအမှတ် ၁၀/၉၈ (၅)

ထုတ်ဝေသူ

ဦးအောင်သျှို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

☎ - ၅၄၁၈၆၀

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်

ဦးညာဏ်အောင်စိုး (မြ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်
အမှတ်(၉၂)၊ ကမ္ဘာ့ဇလမ်း၊ ရွှေတောင်ကြား
၁-ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၂၄၆၅၀၈ ☎ ၅၃၂၉၅၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌

ဟောကြားတော်မူသော တရားတော်

# “ရှင်နန္ဒကာနှင့်ဘိက္ခုနီမငါးရာ”

(၁၉-၁၂-၆၁)

အလုပ်တရားဟောမယ်လို့ ဒကာ ဒကာမတွေက မှတ်ရမယ်နော်။ အလုပ်,လုပ်ပုံကို ဟောနေတယ်။ အလုပ်, လုပ်ပုံမှာတော့ ဒီပုဂ္ဂိုလ်က တရားဟော ဥပမာ ဥပမေယျနဲ့ တကွ ပြောပုံဆိုပုံ ခန္ဓာထဲ ဉာဏ်ရောက်အောင် ပြောပုံက အင်မတန်ကောင်းပြီးတော့ တေဒင်္ဂရတဲ့ပုဂ္ဂိုလ်ပဲလို့ မှတ်ကြ ရမယ်...။ (မှန်ပါ)၊ တေဒင်္ဂဘွဲ့ရဆိုတာ ယခုအခါမှာ ဝိဇ္ဇာဘွဲ့ ရသလိုပေါ့လေ...။ (မှန်ပါ)။

**ဥပနိဿယသုတ္တံ**

သူ့တရားဟောဖို့ အလှည့်ရောက်လာလို့ရှိရင် မဟော ချင်တာလဲ ဒကာဒကာမတွေ မနေ့ကပြောပြီနော်...။(မှန်ပါ)၊

ဘဝများစွာ သူက မင်းတွေဘာတွေဖြစ်။ ဒီဘိက္ခုနီမငါးရာက သူ၏အလုပ်အကျွေးတွေဘာတွေဖြစ်ခဲ့။ အဲဒါ ဒါနတွေ အမျိုးမျိုးအဖုံဖုံလုပ်ပြီး အလုပ်အကျွေးမှ လွတ်ရပါလို၏ဆိုလို့ အလုပ်အကျွေးမှ လွတ်ပြီးသကာလ သာသနာသောင်ကမ်းရဟန်းအဖြစ်ရအောင် ရှေးက ကျောင်းတွေဘာတွေဆောက်၊ သင်္ကန်းတွေဘာတွေ ပစ္စေကဗုဒ္ဓါအရှင်တွေကို လှူခဲ့တဲ့အတွက် အဲဒီက ဥပနိဿယသတ္တိကြောင့် ဘုရားလက်ထက်ကျတော့ ရှင်နန္ဒကမထေရ်က သူကြွယ်သား၊ အမျိုးသမီးတွေက သုဒ္ဓေါဒနမင်းကြီးရဲ့ဆွေမျိုးတွေ လာပြီး ဖြစ်ကြတယ်လို့ မှတ်ရမယ်။ အဲဒါ ဥပနိဿယသတ္တိပဲ။

ယနေ့ ဟောမှာကတော့ မဂ္ဂသတ္တိကိုဟောမယ်...။ (မှန်ပါ့)၊ ဒီ မင်းမျိုးထဲရောက်ပြီး ဘုရားသာသနာကြီးနဲ့ ကြုံတာက ဘာသတ္တိပါလိမ့်...။ (ဥပနိဿယသတ္တိပါ)၊ ဒါ မမေ့ပါနဲ့...။ (မှန်ပါ့)။

**မိထွေးတော်ဂေါတမီ**

သာသနာတော်ရောက်ပြီး ရှင်နန္ဒကရယ်လို့လဲ သူ နာမည်ထင်ရှားတယ်။ မိထွေးတော်ဂေါတမီ အစရှိသော ဘိက္ခုနီမ ငါးရာကလဲ မင်းမျိုးတွေဖြစ်ပြီး ဒီသာသနာတွင်းမှာကို ကျွတ်ဖို့ရာ သူတို့ ဝိဝဋ္ဋအလှူကြီးကို လှူခဲ့တယ်။

(၇)

**ဟိုတုန်းက ရှင်နန္ဒကမထေရ်ရဲ့ခင်ပွန်းမ**

သူတို့အကြောင်းက ရှေးတုန်းက ဘယ်လိုလာခဲ့သတုံး မေးတဲ့အခါကျတော့ တိုင်းပြည်တစ်ပြည်မှာ သူက အမှုလုပ်ကျွန်ခေါင်းဆောင်၊ အမှုလုပ်သမားတွေကို အုပ်ချုပ်ရတဲ့ ခေါင်းဆောင် နန္ဒကမထေရ်က ဖြစ်ခဲ့တယ်။ အခု ဘိက္ခုနီမ ငါးရာက ကျွန်မတွေဖြစ်တယ်။ မိထွေးတော် ဂေါတမီက အခုဘဝမှာတော့ ဘုရာ မိထွေးတော် လာဖြစ်နေတာ။ ဟိုတုန်းက ရှင်နန္ဒကမထေရ်ရဲ့ ခင်ပွန်းမဖြစ်ခဲ့တယ်။ သံသရာဟာ အင်မတန်ကြောက်စရာကောင်းတယ်ဆိုတာ မှတ်ကြစမ်းပါ...။ (မှန်ပါ့)၊ အခုတော့ ဆရာနဲ့တပည့် ဟိုတုန်းက တော့ ခင်ပွန်းမဆိုတော့ သံသရာဟာ တာရှည်လေ အရှက်နည်း အကျိုးနည်း ပေါ်လေပဲ...။ (မှန်ပါ့)။

ဒါကြောင့် သံသရာရှည်တဲ့ဥစ္စာ၊ မကောင်းဘူးဆိုတဲ့ ဥစ္စာ မောင်သစ်တို့၊ ဦးသံဒိုင်တို့၊ ဦးအောင်ဖုံဝေတို့ မှတ်ရမယ်...။ (မှန်ပါ့)၊ ဇာတ်တော်ပေါင်းလိုက်တဲ့အခါကျတော့ ရှက်စရာကြီး...။ (မှန်ပါ့)၊ အသိဉာဏ်မရှိ ကိလေသာရှိတုန်းကသာ ပျော်ကြသလိုလိုနဲ့ ထင်ရတာကိုး...၊ ဇာတ်ပေါင်းလိုက်တဲ့အခါကျတော့ အမေက အစ်မဖြစ်၊ ခင်ပွန်းဖြစ်၊ သမီးနဲ့ တစ်ခါတည်း ဦးသံဒိုင် ဇာတ်ခင်းလို့ ပြီးနိုင်သေးရဲ့လာ ...။ (မပြီ နိုင်ပါဘုရာ )၊ အကျွတ်တမ်းဝင်တဲ့ဘဝမှာ

အသိဉာဏ်နဲ့ ပြန်ကြည့်တော့ မရှက်ဘူးလား...ရှက်မလား...။ (ရှက်စရာကြီးပါဘုရား)။

အဲဒီလို ရှက်စရာကြီးဖြစ်လာတော့ ဩော်...သံသရာရှည်တဲ့အကျိုးဟာ မသာများတယ်။ နေ့လယ်က ပြောသလိုပေါ့လေ။ အသုဘဆုတောင်းယူတဲ့ သတ္တိတွေ၊ သိပ်ဆိုးပါတယ်...။ (မှန်ပါ)၊ အဲဒီ သူတို့ ပြုတုန်းအခါကလဲ ပစ္စေကဗုဒ္ဓါတွေကို သူဌေးက တပည့်တော်မှာ ကိစ္စတွေများတယ်၊ အရှင်ဘုရားတို့ ကျောင်းဆောက်မပေးနိုင်ဘူးဆိုတာနဲ့ မိထွေးတော်ဂေါတမီအလောင်းက ရေဆိပ်ရေခပ်သွားတဲ့အခါ ဘယ့်နှယ်တုံး၊ အရှင်ဘုရားတို့ပြန်လာတာ ဘာကိစ္စတုံး၊ ဒီလို ဒီလိုပဲ၊ ဝါဆိုဦးကျောင်း အလှူခံသွားတာ မရခဲ့ပါဘူး။

**ပစ္စေကဗုဒ္ဓါတွေကို ကျောင်းဆောက်ပေး**

ဟာ...ဒါဖြင့် တပည့်တော်တို့ ဆောက်လှူပါ့မယ်ဘုရား။ တပည့်တော်တို့ လူပေါင်းငါးရာတောင်ရှိတာပဲဆိုပြီး သူက ခေါင်းဆောင်ပြီးသကာလ ကဲ...ကျွန်အဖြစ်မှ မလွတ်ချင်ကြဘူးလားလို့ ရေခပ်တဲ့လူတွေကို အကုန်ပြောတာပဲ...။ (မှန်ပါ)၊ လွတ်ချင်ပါတယ်ဆိုတော့ လွတ်ချင်လို့ရှိရင် ပစ္စေကဗုဒ္ဓါတွေ သီတင်းသုံးရန်အတွက် တို့ ကျောင်းသင်္ခမ်းကလေးတွေ ဆောက်လှူရအောင်၊ ညည်းတို့ခင်ပွန်းသည်တွေကို ညည်းတို့ ဟောပြောကြပါ။ တို့ ကျွန်တစ်လှည့် ဖြစ်နေ

သွားတာတုံး…။(မဂ္ဂပစ္စယောကြီးစားသွားတာပါ)၊ အေး…ဒါကြောင့် ဥပနိဿယပစ္စယောက အကူအညီ၊ မဂ္ဂပစ္စယောက ပန်းဆွတ်…။ (မှန်ပါ့)၊ အဲဒီတော့ အကူအညီကင်း၍ ပန်းမဆွတ်နိုင်ဘူး…။ (မှန်ပါ့)၊ သဘောပါပလား…။ (ပါ,ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ ယခုဘဝမှာတော့ အကူအညီတွေ ပြည့်စုံပြီးလို့ ပန်းဆွတ်ကလေး လိုလိမ့်မယ်…။ (မှန်ပါ့)။

ဦးအောင်ဖေ ဘာလိုမယ်ထင်သတုံး…။ (ပန်းဆွတ်လိုပါလိမ့်မယ်ဘုရား)၊ လှေပြိုင်တော့ ပန်းဆွတ်ရသေးတာကိုး…။ (မှန်ပါ့)၊ မြှားပြိုင်တော့ကော…(ပန်းဆွတ်ရပါတယ်ဘုရား)၊ ပန်းဆွတ်ရတာပဲ၊ မြန်မာထုံးစံမှာရှိတယ်…။ (မှန်ပါ့)။

အဲဒီလို ပန်းဆွတ်အလုပ်ကလေးဟာလဲ ခင်ဗျားတို့မှာ ဆရာဘုန်းကြီးက နေ့တိုင်း ပေးနေတယ်…။ (မှန်ပါ့)၊ နေ့တိုင်းပေးတဲ့အခါကျတော့ မပျင်းပါနဲ့၊ ဘာ့ကြောင့်တုံး…။ ပန်းဆွတ်ရုံ ကျန်တော့မလို့…ဒီတစ်ခါ အောင်ပွဲရတော့မှာပဲ…။ (မှန်ပါ့)။

အောင်ပွဲရမှာကို ဆင်ခြေတွေဘာတွေ လဲမနေနဲ့၊ ရှင်းပလား…။ (ရှင်းပါပြီ)၊အောင်ပွဲမှာ ဆင်ခြေလဲနေလို့ရှိရင် မအောင်ချင်လို့ အဓိပ္ပာယ်ပဲ…။ (မှန်ပါ့)။

ရမှာဖြင့် မကောင်းဘူး။ သခင်ဖြစ်တဲ့အလုပ်,လုပ်ကြရအောင် ဆိုတော့ သစ္စာမသိတော့လဲ ဒါလောက် ပြောတတ်မှာပဲ...။ (မှန်ပါ့)၊ သစ္စာမသိတော့ ကျွန်အဖြစ်မှ လွတ်ချင်တာလောက် သာ ပဓာနထားတာပဲ...။ (မှန်ပါ့)။

အခု ဒကာ ဒကာမတွေလဲ ထိုနည်းအတူပဲ၊ သစ္စာ မသိတော့ ချမ်းသာချင်တာကလေး တစ်ခုပဲ သိတယ်...။ (မှန်ပါ့ဘုရား)၊ ဒီဘဝမှာ တို့ ဆင်းရဲတယ်ဟေ့...သောင်း ကိုးထောင်မှ မကိုင်ရဘူး၊ ဒီလိုမကိုင်ရလို့ရှိရင် ခက်ချေရဲ့။ နောက်ဘဝကျတော့ဖြင့် သိန်းသန်းချီပြီး ချမ်းသာအောင် လုပ်မှပဲဆိုပြီး သစ္စာမသိတော့၊ ချမ်းသာစစ်ကိုမသိတော့ ချမ်းသာလိမ် ချမ်းသာကောက်ကို အဟုတ်ထင်တာပေါ့...။ (မှန်ပါ့)၊ ဒါ သိပ်ကြောက်စရာကောင်းတဲ့အလုပ်နော်...။ (ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲဒီမှာလဲ သူတို့ဟာ တို့ ကျွန်မကလွတ်ဖို့...ဒါပဲ သူတို့ စိတ်ကူးပြီး သူတို့ချင်း အစည်းအဝေးပြုပြီးသကာလ သူ့ငှေ့အလုပ်ကို အနားယူပြီး နန္ဒကမ်ထေရ်အလောင်းရော၊ ဒီပြင် ဘိက္ခုနီမတွေရဲ့ ခင်ပွန်းသည်တွေရော တောထဲသွားပြီး နေ့ချင်းပြီး သခ်မ်းကျောင်းကလေးတွေဆောက်၊ စကြံ ကျောင်းကလေးတွေဆောက်၊ တောထဲမှာ သစ်ဝါးခုတ်ပြီး ဆောက်တာပေါ့လေ...။ (မှန်ပါ့)၊ ကျောင်းဆောက်ပြီးလျှ၊ တို့က ငါးရာတောင်ပဲ၊ အလှည့်ကျနဲ့ တတ်နိုင်သရွေ

ခင်ဗျားတို့ဟာကတော့ တဏှာက အိုးပုတ်ဂျင်က လယ်နဲ့ ချော့ထားတယ်ဆိုတာ ဘုန်းကြီးများ သိပြီးသား ပါ...။ (မှန်ပါ့)၊ ကလေးရုပ်ကလေးနဲ့ ချော့လိုက်၊ လူကြီး ရုပ်နဲ့ကော...(ချော့ပါတယ်ဘုရား)၊ ကစားစရာဆိုတဲ့ ရွှေငွေ ကလေးနဲ့ကော...(ချော့ပါတယ်ဘုရား)။

ဒါကလေးနဲ့ပဲ ခင်ဗျားတို့က ကိစ္စကလေးမပြီးသေးလို့ ဆိုပြီးတော့ သူ ချော့ထားတဲ့အထဲက ကိစ္စမပြီးသေးလို့က လာသေးတာပဲ ခင်ဗျားတို့က...(မှန်ပါ့)၊ ဘာကိစ္စတုံး၊ ကစားစရာကိစ္စ...။ (မှန်ပါ့)၊ ဘယ်သူချော့ထားတာတုံး...။ (တဏှာက ချော့ထားတာပါဘုရား)၊ တဏှာကချော့တော့ ခင်ဗျားတို့က ပျော်နေတာ၊ လူကြီးလား၊ ကလေးလား...။ (ကလေးတွေဖြစ်နေပါတယ်ဘုရား)၊ အသက်ကတော့ ဘယ့် နှယ်နေသတုံး...။ (အသက်ကတော့ လူကြီးပါဘုရား)၊ ဉာဏ်ကတော့ ကလေးဖြစ်နေတယ်။ ရှင်းပြီလား...။ (ရှင်းပါပြီ)။

အသက်ကတော့...(လူကြီးပါဘုရား)၊ သေခါနီးဆိုပါ တော့ဗျာ...။ (မှန်ပါ့)၊ ဉာဏ်ကတော့...(ကလေးပါဘုရား)၊ အမယ်လေးခင်ဗျားတို့၊ ဒီလိုအဆိုခံရတာကို နာကြစမ်းပါ...။ (မှန်ပါ့)၊ နာစရာကောမကောင်းဘူးလား...။ (ကောင်းပါ တယ်ဘုရား)။

ဆွမ်းလှူကြရအောင်ဆိုပြီး တတ်နိုင်သရွေ့ ဆွမ်းကွမ်းလှူကြ တယ်။ ဝါကျွတ်တဲ့အခါကျတော့ သင်္ကန်းတစ်စုံစီ ကပ်လှူ ကြတာပါပဲ...။ (မှန်ပါ့)။

**ဒါန၏အကျိုးဆက်**

အဲဒီတုန်းက လှူခဲ့တဲ့ ဒါန၏အကျိုးဆက်ကြောင့် အခုဘဝမှာ နန္ဒကမထေရ်က သူကြွယ်မျိုး တခြားခင်ပွန်းမ တွေက သာကီဝင်မင်းမျိုးထဲလာပြီး ဖြစ်ကြတယ်ဆိုကြပါ စို့...။ (မှန်ပါ့)၊ ဘာသတ္တိဆိုကြမလဲ...(ဥပနိဿယသတ္တိပါ ဘုရား)၊ မှတ်မိကြပြီနော်...။ (မှတ်မိပါပြီဘုရား)။

**ငါတို့ ဘာလိုနေသတုံး**

အဲဒီတော့ ဥပနိဿယက ပို့လိုက်တော့ ခင်ဗျားတို့ မှာလဲ ဒီဒကာ ဒကာမတွေမှာ ဥပနိဿယက ပို့ပြီးသား ဖြစ်ပါတယ်။ သာသနာဝင်းနဲ့ကြုံ၊ ဆရာကောင်း သမား ကောင်းနဲ့တွေ့၊ အသင့်အတင့်လဲ ပစ္စည်းပြည့်စုံပြီးနေကြ၊ ထိုင်ကြတော့ ငါတို့ ဘာလိုနေသတုံးဆိုတာကို အခုအကဲခတ် ဖို့ အရေးကြီးတယ်...။ (မှန်ပါ့ဘုရား)၊ အခုဘဝမှာတော့ မဂ္ဂပစ္စယောဖြစ်ဖို့ အရေးကြီးနေတယ်...။ (မှန်ပါ့)။

ဥပနိဿယသတ္တိကြောင့် ခင်ဗျားတို့ လူ့ဘဝရခဲ့ပြီ၊ သာသနာတွင် လဲကြုံ၊ ဆရာကောင်း သမာ ကောင်း နဲ့ ကြုံခဲ့

ကြပြီ။ ကြံလာတော့ ကြံတာကလေးကို အလွဲသုံးစား မလုပ်လိုက်ပါနဲ့…။ (မှန်ပါ့)၊ ဦးအောင်ဇေယျ သတိပေးပါတယ်…။ (မှန်ပါ့ဘုရား)။

ကြံတာကလေးကို အလွဲသုံးစား မလုပ်လိုက်ပါနဲ့။ ဘာကို ကြိုးစားရမယ်ဆိုတာ ပဋ္ဌာန်းနည်းနဲ့ ပြောကြစမ်းပါ…။ (မဂ္ဂပစ္စယောဖြစ်အောင် ကြိုးစားရပါမယ်)၊ မပြည့်စုံသေးတဲ့ ပုဂ္ဂိုလ်လဲ ကြိုးစား၊ ပြည့်စုံပြီးသားပုဂ္ဂိုလ်ဖြစ်ခဲ့တောင်…(ကြိုးစားရမှာပါပဲ)။

**ဆရာတောင်းနှင့်ကြံပြီ**

ဟိုဟာတွေက ဥပနိဿယပစ္စယော အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း၊ ဗလဝပစ္စယ ဗလဝဆိုတာ အားကြီးတာ၊ အဲဒီတော့ အားကြီးသော အကြောင်းဖြစ်ပြီး ကျေးဇူးပြုလိုက်လို့ အခု လူ့ဘဝရောက်လာကြပြီ။ လူ့ဘဝဆိုတာ လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်း ချလိုက်ရင် အသွားချင်းသာ ထိစရာရှိတယ်၊ လူ့ဘဝရဖို့က ခဲယဉ်းတယ်။ ဒါလဲ ဘုရားဟောတယ်။ မှန်လဲ အလွန် မှန်ကန်ပါတယ်…။ (မှန်ပါ့)၊ ပင်လယ်ထဲ လိပ်ကန်းကြီးတစ်ကောင်ဟာလဲ လေစုန်ရေစုန်မှာ မျောနေတဲ့ ထွန်တုံးပေါက်ထဲ ခေါင်းလျှိုမိဖို့ဟာလဲ အင်မတန်ခဲယဉ်းပါတယ်…။ (မှန်ပါ့)၊

အဲဒါ ခဲယဉ်းတာ တစ်ခါတစ်ခါ လွှဲစရာရှိပါသေးတယ် တဲ့...။ (မှန်ပါ့)၊ သာသနာတွင်းကြဲ၊ ထောင်နိုင်တဲ့နားရှိ၊ ဆရာကောင်းသမားကောင်းကြုံ၊ ဒါက အင်မတန်ခဲယဉ်း ပါသေးတယ်...။ (မှန်ပါ့)၊ ရှင်းကြပြီလား...။ (ရှင်းပါပြီ)။

အဲဒီတော့ ခဲယဉ်းတဲ့အထဲကပဲ အခု တက်လာခဲ့ကြ ပြီ။ ဒီခဲယဉ်းတဲ့အထဲက တက်လာတော့ ပြန်ရှုံးသွားရင် ခဲယဉ်းဦးမှာပဲ...။ (မှန်ပါ့)။

ဒါဖြင့် ဒီရောက်လာမှ ခင်ဗျားတို့ ဘာဖြစ်နေကြ သတုံး၊ လောကုတ္တရာနောက်ကျနေကြတာ ဘာဖြစ်နေကြ တာတုံးဆိုတာ မေးဖို့ မလိုဘူးလား...။ (လိုပါတယ်ဘုရား)၊ ခင်ဗျားတို့ ဒီကျမှ တဏှာအမိနဲ့ အဝိဇ္ဇာအဖတွေရဲ့ ခိုင်းစေ ချက်ကို မတော်လှန်နိုင်တာနဲ့ ခင်ဗျားတို့ အကန်းပျော်၊ အရူးပျော် ပျော်နေကြတာ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ဘာပျော် ပျော်နေတာတုံး...။ (အကန်းပျော်၊ အရူး ပျော် ပျော်နေကြတာပါဘုရား)။

အကန်းဆိုတာက သစ္စာမသိတာ။ အရူးဆိုတာက တဏှာစေခိုင်းရာ လုပ်နေတဲ့ တဏှာရူးပဲ...။ (မှန်ပါ့)၊ တဏှာခိုင်းတာ လျှောက်ပြီး လုပ်နေတာ...။ (မှန်ပါ့)။

ဒါဖြင့် အကန်းပျော်၊ အရူးပျော်ဟာ ခင်ဗျားတို့ ဥပနိဿယပစ္စယောက ပို့လိုက်တာတောင်မှ ခင်ဗျားတို့က

အလွဲသုံးစား လုပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်ပြီးသား ဖြစ်နေတယ်...။ (မှန်ပါ့)။

ဥပနိဿယကတော့ ပို့လိုက်ပြီးပြီနော်...။ (မှန်ပါ့)၊ ပို့လိုက်ပြီးတဲ့အခါကျတော့ ခင်ဗျားတို့ အကန်းပျော်၊ အရူးပျော် လုပ်နေတာက ဒီဘဝမှာလှည့်စားတဲ့အဝိဇ္ဇာနဲ့ တဏှာက မင်းတို့ကို အဓိပ္ပာယ်ပြန်ချမယ်ဆိုပြီး ချော့မော့ပြီးတော့ တစ်ခါတည်း သံသရာကြီးပွားရေးကြီးကို လျှောက်ပြီး နိုင်းနေတာ...။ (မှန်ပါ့)၊ သံသရာကြီးပွားရေးကြီး လျှောက်နိုင်းနေတော့ ခင်ဗျားတို့ကလဲ ဒါနဲ့ပဲ တော်လောက်ပြီလို့ ထင်နေလို့ရှိရင်ဖြင့် နောက် ခဲယဉ်းတဲ့အထဲ ပြန်ရောက်ဦးမှာပဲ...။ (မှန်ပါ့ဘုရား)။

**ရွှေညာဏ်ရောက်အောင် ကြိုးစားပါ**

အဲဒါကြောင့် အားလုံး ဒကာ ဒကာတွေကို သတိပေးပါတယ်၊ တော်အောင်တော့ မနေကြပါနဲ့...။ (မှန်ပါ့ဘုရား)၊ တော်အောင်တော့ မနေကြပါနဲ့၊ ခန္ဓာဉာဏ်ရောက်အောင် ကြိုးစားပါ...။ (မှန်ပါ့)၊ ဉာဏ်ရောက်ဆိုပေမယ့် သာမညဉာဏ်တော့ မရောက်ပါနဲ့၊ သစ္စာဉာဏ်နဲ့ ရောက်ပါစေ...။ (မှန်ပါ့ဘုရား)။

သစ္စာဉာဏ်အရေးကြီးတယ်၊ နေ့လယ်က ဘယ်လောက် ဘာဉာဏ်ပြောခဲ့တယ်ဆိုတာ ဦးအောင်ဇံဝေတို့

ကြားဖူးမှာပေါ့...။ (မှန်ပါ့)၊ ဒီခန္ဓာအပြစ်မှာ ဘယ်လောက်ကြီးတယ်ဆိုတာ နေ့လယ်ကပြောတော့ မပေါ်ကြဘူးလား...။ (ပေါ်ပါတယ်ဘုရား)။

အသေကို ဆုတောင်းတာတွေ၊ သတ်မည့်သူကို ဆုတောင်းတာတွေ ရာခကေ မေးလို့ ဘုရားက ဖြေတာလေ...။ (မှန်ပါ့)၊ ဒီလို အခု ခင်ဗျားတို့ ဆုတောင်းလို့ ရှိရင် အဝိဇ္ဇာသဝနဲ့ ကာမာသဝတို့၏ စကားကို နားထောင်လို့သာ မှတ်ပေတော့...။ (မှန်ပါ့)။

ဘုံဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ဘယ်သူ့စကား နားထောင်ပါလိမ့်...။ (အဝိဇ္ဇာသဝနဲ့ ကာမာသဝစကားကို နားထောင်ပါတယ်)။

ကဲ...အဝိဇ္ဇာသဝမသိအောင် သစ္စာဖုံးထားတော့ ကာမာသဝက လိုချင်တယ်...။ (မှန်ပါ့)၊ အဲဒီတော့ ဒီအာသဝဟာ ဝင်ရိုးပါလို့ ဆရာဘုန်းကြီးက ဟောထားတယ်...။ (မှန်ပါ့)၊ ဝင်ရိုးဆိုတာ လှည့်မှာပဲ။ ခင်ဗျားတို့က သူတို့စကား နားထောင်နေလို့ရှိရင် ခင်ဗျားတို့လဲ အလှည့်မိမှာပဲ...၊ အလိမ်မိမှာပဲ...။ (မှန်ပါ့)။

အဲဒါ ဒီအလိမ်ကြီးပြေအောင် ဆရာသမားကလဲ နေ့စဉ်ပဲ...ဟ...ဒီအလိမ်ကြီး ဖြေပါဟ၊ လိမ်နေတဲ့ တရားနှစ်ခုပါဟ၊ သူတို့က အဖော်အသင်းအပင်းနဲ့လာတာ၊

ထောင့်ငါးရာ အဖော်တွေနဲ့ လာတာ…။ (မှန်ပါ့)၊ မဟုတ်ဘူးလား…။ (မှန်ပါ့)။

အဲဒီတော့ ခင်ဗျား့တို့ကလဲ ထောင့်ငါ့ရာ အဖော်တွေနဲ့ လာတာဟုတ်တယ်ထင်ပါရဲ့၊ ဟုတ်တယ်ထင်ပါရဲ့ ဆိုလို့ရှိရင်တော့ ဦးသံဒိုင် သွားပြီ…။ (မှန်ပါ့)၊ မသွားသေးဘူးလား…။ (သွားပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာက သူ့အဖော်တွေက မာနတွေရော ဒိဋ္ဌိတွေရော ထောင့်ငါးရာ ကိလေသာတွေ ဘယ်သူ့အဖော်တွေတုံး၊ အဝိဇ္ဇာတဏှာ၏အဖော်တွေ…။ (မှန်ပါ့)၊ သူတို့နဲ့ ရောလိမ်တာ…။ (မှန်ပါ့)၊ သူတို့နဲ့ ရောလိမ်ပြီးသား မဟုတ်တာသာ လုပ်ပြ၊ သညာဝိပ္ပလ္လာသတွေကလဲ သူတို့ လက်အောက်ခံတွေကိုးဗျ…။ (မှန်ပါ့)၊ သစ္စာမသိအောင် ဖုံးထားတော့ ဝိပ္ပလ္လာသတွေ မလာပေဘူးလာ…။ (လာပါတယ်)။

အဲဒီလို မောင်သစ်တို့၊ ဦးသံဒိုင်တို့၊ ဦးအောင်ဖဲတို့ အလိမ်မိနေတာ…။ (မှန်ပါ့)၊ ဒါ ဘုရားကြီးက ဘာလုပ်နေတာတုံးဆိုတော့ ဖြေပေးနေတယ်…။ (မှန်ပါ့)၊ ခင်ဗျားတို့က ဘုန်းကြီး စကားလဲ နားမထောင်ဘူး၊ ဘုရားတရားလဲ နားမထောင်ဘူးဆိုရင်ဖြင့် သြော်…အလိမ်မိနေတာတောင်မှ အလိမ်မိတဲ့အကြောင်းကို ကိုယ့်ဟာကိုယ်မသိရှာလို့ အကန်းပျော်၊ အရူးပျော် ပျော်နေတယ်လို့ ဆိုရုံမှတစ်ပါ ဦးသံဒိုင်

ဘာမှ မရှိဘူး...။ (မှန်ပါ)၊ သဘောပါပလား...။ (ပါ,ပါ ပြီ)၊ အကန်ပျော့၊ အရှုပျော်တော့ မပျော်ပါနဲ့ဆိုတာ သတိပေးပါတယ်...။ (မှန်ပါ)။

အကန်းဆိုတာက ခန္ဓာမှာသာရှိတယ်၊ မသိတာ အရှုးဆိုတာ ခန္ဓာကိုယ်ကြီး ရလို့ သာယာတာ...။ (မှန်ပါ)။

အကန်းဆိုတာက ခန္ဓာအရှိ ဒုက္ခသစ္စာကို မသိတာ...။ (မှန်ပါ)၊ သဘောကျပြီလာ ...။ (ကျပါပြီ)၊ အရှုးဆိုတာက တဏှာက ချော့လို့ မော့နေတာ...။ (မှန်ပါ)၊ အဲဒါကို ဘယ့်နှယ်ဆိုကြမလဲ...။ (ခန္ဓာကိုယ် သာယာနေပါတယ်)၊ ကိုယ့်ခန္ဓာကို သာယာ၊ ကိုယ့်ရှိတဲ့ပစ္စည်းကလေးနဲ့ သာယာပြီးသကာလနေတာ။ ရှိတဲ့ပစ္စည်းက ဘာတုံးဆိုတော့ ဒုက္ခသစ္စာ။ သူက ဒုက္ခပေးနေတာ...။ (မှန်ပါ)။

ငွေရှိတဲ့လူနဲ့ မရှိတဲ့သူ ဘယ်သူ ဒုက္ခများသလဲ မောင်သစ် အကဲခတ်ပါ...။ (ငွေရှိတဲ့လူက ဒုက္ခများပါတယ်)၊ ရှိတဲ့လူက ဒုက္ခများတယ်၊ မင်းဘေး စိုးဘေး သူခိုးဘေးက ဟိုလူမွဲမှာ နည်းတယ်...။ (မှန်ပါ)၊ မနည်းဘူးလား...။ (နည်းပါတယ်)၊ မင်းဘေး စိုးဘေး သူခိုးဘေးဆိုတာ ဦးအောင် ဇံဝေ လူမွဲထိသလား၊ ရှိတဲ့လူ ထိသလား...။ (ရှိတဲ့လူ ထိပါတယ်)။

ဒါကြောင့် ဘယ်သူက ငွေခွဲခွဲ၊ ဘယ်သူက ရပ်ရေး

ရှာရေး သွားပြီးခဲ့ခဲ့ ရှိတဲ့လူမှာ အထိများတာ...။ (မှန်ပါ)၊ ရိပ်မိပလာ ...။ (ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ကလဲ ဪ...မျက်နှာရှိလို့ ပေါ်တာပေါ့ အောက်မေ့နေတယ်။ ဘယ်ဟုတ်လိမ့်မလဲ ဒုက္ခပိုတာ။ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ မပါးကြတော့၊ အဝိဇ္ဇာကလဲ ဖုံးထားတော့ ကွာ ထင်ပေါ်လို့ စင်တော်က ကောက်တာ ပေါ့တဲ့၊ ရှေးသုံး သုံးတယ်...။ (မှန်ပါ)၊ အံမယ်လေး အရူးများ ပြန်ထ,လိုက်သေတယ် ဦးအောင်ဇံဝေရေ...။ (မှန်ပါ)။

ပြီးတော့ သဒ္ဓါလို့ပေးတာ တစ်ခုမှ မပါဘူး...။ (မှန်ပါ)၊ ပါရဲ့လား...။ (မပါ,ပါဘုရား)၊ ပါပြန်တော့လဲ ဝါဒဖြန့်မှု၊ မိတ်မပျက်၊ ဆွေမပျက်၊ ကိုယ်လုံခြုံရေး။ နို့ ဘာအသုံးကျသတုံး...၊ နို့ ဒါကို ဒါနအကောင်းကြီးထဲ တွင် သွင်းကြမလား...။ (မသွင်းပါဘုရား)၊ ကိုယ့်လုံခြုံ ရေး၊ ဘေးဆီးရန်ကာအရေး စသည်ကို အကြီးအကျယ် ထားနေလို့ရှိရင် မင်္ဂလာဆောင်ကူသလို ဖြစ်နေတယ်။ မဖြစ် ပေဘူးလား...။ (ဖြစ်ပါတယ်)၊ တို့ကျတော့လဲ ကြုံတဲ့အခါ လာအောင်...၊ ဒီအသွားမျိုးက များနေတယ်...။ (မှန်ပါ)၊ မများဘူးလား...။ (များပါတယ်)။

အဲဒီတော့ ခင်ဗျားတို့မှာ ဝိပဿနာဆိုတာလဲ ရှာမှ ရှား…။ (မှန်ပါ)၊ သာဓုသာ ခေါ်ကြပေတော့ ဆိုပေမယ့် အပေါ်ယံ အမျှဝေနေတာ…။ (မှန်ပါ)၊ ဝိပဿနာက ပါကို မပါဘူး…။ (မပါ,ပါဘုရား)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီ ဘုရား)။

**တရားမပျောချင်ဘူးတဲ့**

အဲဒါ အခု ဆုံးမနေတယ်၊ သွန်သင်နေတယ်၊ နန္ဒက မထေရ် သံသရာ၌ အရှက်တကွဲ အကျိုးနည်းဖြစ်လာတာကို သူကိုယ်တိုင် ရဟန္တာဖြစ်လာတော့ ဘိက္ခုနီမငါးရာကို မောင် သစ် တရားဟောချင်ရဲ့လား…။ (မဟောချင်ပါဘုရား)၊ ဘာဖြစ်လာတုံး…။ (အမြင်မှန်ရလာလို့ပါဘုရား)၊ ဘာ အမြင်မှန်တုံးဆိုတော့ သမ္မာဒိဋ္ဌိမျက်လုံးရလို့…။ (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ…။ (သမ္မာဒိဋ္ဌိမျက်လုံးရလို့ပါ)၊ မိစ္ဆာဒိဋ္ဌိမျက်လုံးနဲ့ ကြည့်မယ်ဆိုလို့ရှိရင် အရကောင်းလေစွ ထင်မှာပဲ…။ (မှန်ပါ)။

ကဲ…ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ ခန္ဓာကြီး ရတာ သမ္မာဒိဋ္ဌိမျက်လုံးနဲ့ကြည့်လို့ရှိရင်ဖြင့် အို…ကိုယ့် အလိုက် ကိုယ့်အထိုက် တော်သေးတယ်တဲ့…။ (မှန်ပါ)။

အလကား အော်နေတာ…။ (မှန်ပါ)၊ ဒုက္ခသစ္စာကြီး တော်သေးရဲ့ပြောတဲ့စကားဟာ ဦးအောင်ဖေ ယုံစရာများ

ရှိရဲ့လား...။ (မရှိပါဘုရား)၊ မရှိပေမယ့် သူ့ဟာသူ အော်နေတာပဲ...။ (မှန်ပါ)၊ အဲဒီတော့ ကိုယ့်ဟာကိုယ် ပါ့စပ်ကလေးကများ ထွက်မယ်ကြံရင် ပြင်ကြပါဦးထဲက...။ (မှန်ပါ)၊ ရှင်းပြီလား...။ (ရှင်းပါပြီဘုရား)။

ကိုယ့်ဟာကိုယ် ကိုယ့်အချိုးကျကလေးနဲ့ အော်နေတဲ့ ဥစ္စာကိုပဲ မဟုတ်သေးပါဘူးဆိုတာ မှတ်ကြပါ။ ဒုက္ခသစ္စာလက်ရှိသဟာဟာ ဘယ်တော့မှ အေးမနေနဲ့...။ (မှန်ပါ)၊ သဘောပါကြပြီလား...။ (ပါ,ပါပြီဘုရား)။

ဒုက္ခသစ္စာလက်ရှိဆိုရင်...(ဘယ်တော့မှ အေးမနေပါနဲ့)၊ အေးမနေပါနဲ့။ ဒုက္ခမကုန်သေးသရွေ့ကာလပတ်လုံး ဆင်းရဲလက်စ မသိမ်းသေးပါဘူး...။ (မှန်ပါ)၊ ဆင်းရဲလက်စ မသိမ်းသေးဘဲ အေးနေတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်တောင်ငှဲ မြောက်ငဲ့နဲ့ အသက်တွေကြီး၊ ရောဂါတွေရဆိုလို့ရှိရင် ဒါဟာ မိုက်ပြစ်သင့်တာသာမှတ်...။ (မှန်ပါ)၊ အဝိဇ္ဇာ၏ ဒဏ်ချက်မိတယ်...။ (မှန်ပါ)၊ တဏှာ၏ဒဏ်ချက်... (မိပါတယ်ဘုရား)။

အဲဒါတွေကြပ်ကြပ်စဉ်းစားတော့၊ အရိယာမျက်လုံး အခု ပြန်တပ်ကြည့်လိုက်တော့ နန္ဒက မထေရ်မှာ ပျောချင်တဲ့စိတ် မပါဘူး...။ (မပါ,ပါဘုရား)၊ ပါသေးရဲ့လား...။ (မပါ,ပါဘုရား)။

နဂိုဘဝတုန်းကတော့ သူက ကျွန်ပေမယ့် ကျွန်လူကြီး ထဲကဖြစ်တော့ သူ့ဟာသူပျော်တယ်...။ (မှန်ပါ့)၊ ခင်ဗျာ တို့လဲ တဏှာ့ကျွန်ဖြစ်နေတာ ကိုယ့်ဟာကိုယ်ရှာလို့ ဖွေလို့ များ ရနေရင် ဘယ့်နှယ်နေကြမလဲ...။ (ပျော်ပါတယ် ဘုရား)၊ ဘယ်သူ ကျွန်တုံး...။ (တဏှာ့ကျွန်ပါဘုရား)။

အံမယ်လေး...မခက်ဘူးလား...။ (ခက်ပါတယ်)၊ ဘာပျော်နေသလဲ...။ (ကျွန်ပျော်,ပျော်နေပါတယ်)။

တဏှာက ခိုင်းလို့ရတဲ့အချိန်မှာတော့ ကျွန်ခိုင်း,ခိုင်း တယ်။ ခိုင်းလို့မရတော့တဲ့အချိန်ကျတော့ အပါယ်တွန်းချ လိုက်တာပဲ...။ (မှန်ပါ့)။

ခိုင်းလို့ရတုံးတော့ဖြင့်...(ကျွန်ခိုင်း,ခိုင်းပါတယ်)၊ ခိုင်းလို့မရတော့တဲ့အချိန်ကျတော့...(အပါယ်တွန်းချပါတယ်)၊ အပါယ်ပို့လိုက်တယ်ဆိုတော့ ဒီ သခင်လက်အောက်မှာ ခင်ဗျားတို့ ကျွန်သပေါက်ဖြစ်ရတာကတော့ မောင်သစ် အတော့်ကို အမြင်ကျဉ်းတဲ့ပုဂ္ဂိုလ်။ သစ္စာမသိလို့ ဖြစ်တွေပဲ ဆိုတာ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)၊ ရှင်းပြီလား...။ (ရှင်းပါပြီ)။

ကဲ...ဒါဖြင့် ဒီဘိက္ခုနီမ်တွေကို ရှင်နန္ဒကမထေရ် တရားမဟောချင်တာက ဘာ့ကြောင့်တုံး...။ (သမ္မာဒိဋ္ဌိ မျက်လုံးရလို့ပါဘုရား)၊ ရှင်းပြီလား...။ (ရှင်းပါပြီ)။

အဲဒါကြောင့် နေ့တိုင်းတပ်နေတဲ့ မျက်လုံးကို ခင်ဗျား တို့က ဖျောက်မပစ်နဲ့...။ (မှန်ပါ)၊ ဒီမျက်လုံးမှ မျက်လုံး မှန်...။ (မှန်ပါ)၊ ခင်ဗျားတို့ ရထားတဲ့ မျက်လုံးကတော့ တစ်ခါတည်း ဝိဇ္ဇာက လွှမ်းမိုးအုပ်ချုပ်ထားတယ်...။ (မှန်ပါ)၊ အဝိဇ္ဇာဆိုတာလဲ ဘုန်းကြီးရှင်းပြပါ့မယ်။ အဝိဇ္ဇာ ဆိုတာ မိစ္ဆာဉာဏ်ဗျ...။ (မှန်ပါ)၊ သူက မကောင်းဘက်ကျ မြင်တယ်။ ကောင်းတဲ့ဘက်ကျတော့ ဖုံးပစ်လိုက်တယ်...။ (မှန်ပါ)၊ ဒါ့ကြောင့် မိစ္ဆာဉာဏ်လို့ ဘုရားဟောနေတာဟာ သူ့ကို ဟောတာလို့မှတ်ပါ...။ (မှန်ပါ)၊ ပိုက်ကွန်ထိုးနည်း နိဿရည်း၊ လက်နက်လုပ်နည်း နိဿရည်းတွေ ဒါဟာ ဘာဉာဏ်ခေါ်ကြမလဲ...။ (မိစ္ဆာဉာဏ်ပါဘုရား)။

**မိစ္ဆာဉာဏ်ချည်းဝဲ**

အဲဒါက ခင်ဗျားတို့က လက်ခုပ်တီးပြီး သူတို့က ပညာချွန်တယ်လို့များ ပြောနေသေးတယ်။ မိစ္ဆာဉာဏ်ကို... (မှန်ပါ)၊ မိစ္ဆာဉာဏ်ဆိုတာက ဒီဗုံးတစ်လုံးကို ခွဲလိုက်လို့ရှိရင် လူပေါင်းသိန်းသန်းသေနိုင်တယ်။ မဟုတ်ဘူးလား...။ (မှန်လှပါ)၊ ဒါမျိုးကျတော့ မိစ္ဆာဉာဏ်က ထိုးထွင်းပြီးတော့ကို လာတယ်၊ မဟုတ်တဲ့နေရာကျတော့...(မှန်ပါ)။

ဒါကြောင့် မိစ္ဆာဉာဏ်ဟာ သစ္စာဘက်သုံးတော့ သူ

အဝိဇ္ဇာ။ လောကဘက်သုံးတော့ မိစ္ဆာဉာဏ်...။ (မှန်ပါ့)၊ ရှင်းကြပြီလား...။ (ရှင်းပါပြီ)။

အဲဒီတော့ ခိုးနည်း၊ ဝှက်နည်း၊ သတ်နည်း၊ ဖြတ်နည်း နိသယရည်း ဒါတွေကို နားလည်တယ်။ အကုသိုလ်အမျိုးမျိုး လုပ်နည်း...ဒါတွေ နားလည်တာတော့ မိစ္ဆာဉာဏ်ချည့်ပဲ...။ (မှန်ပါ့)၊ သဘောပါကြပြီလား...။ (ပါ,ပါပြီ)။

အဲဒီတော့ မိစ္ဆာဉာဏ်အောက်မှာ ခင်ဗျားတို့က စီးပွား ကလေး ဘာကလေးဖြစ်နေလို့ရှိရင် ကံကောင်းတယ်လို့ အောက်မေ့နေတယ်။ အဲဒါလေး...လွဲလိုက်တဲ့ဖြစ်ခြင်း။ ဘယ်သူက စီမံတာတုံး...။ (မိစ္ဆာဉာဏ်ကပါ)။

မိစ္ဆာဉာဏ်ကစီမံလို့ ထိုက်တန်သလောက် ရကြပြုကြ ဆိုတဲ့ဥစ္စာမြင်တော့ ကံကောင်းတယ်တဲ့။ ကံကိုချည့် လွဲမချ နေပါနဲ့...။ (မှန်ပါ့)၊ မိစ္ဆာဉာဏ်က ထိုထွင် ပြီ လုပ်တာ...။ (မှန်ပါ့)၊ ရှင်းပြီလား...။ (ရှင်းပါပြီ)။

အဲဒီမှာ ခင်ဗျာ့တို့က ကံနဲ့ချည့် ရောရောပစ်လိုက် တာ ဘုန်းကြီးက မကြိုက်ဘူး။ ဒါ မိစ္ဆာဉာဏ်အလုပ်ပါ...။ (မှန်ပါ့)၊ သဘောကျပြီလား...။ (ကျပါပြီ)။

**မိစ္ဆာဉာဏ်ဆိုတာ**

လိမ်နည်း ကောက်နည်း...နယ်ချဲ့တွေကောင်းစားခဲ့စဉ် တုန်းက ဟိုပြည်လုည့်လိမ်၊ ဒီပြည်လုည့်လိမ်။ အတော်

စကားတတ်တယ်။ အတော်ပညာပါတဲ့လူတွေလို့ ထင်နေတယ်။ ဘယ်ဟုတ်လိမ့်မလဲ၊ လိမ်ကောက်ခိုးယူထားတာ...။ (မှန်ပါ)၊ ခိုးယူတယ်၊ တိုက်ယူတယ်၊ ခြိမ်းခြောက်ယူတယ်။ ဒါ ဘာဉာဏ်ခေါ်ကြမလဲ...။ (မိစ္ဆာဉာဏ်ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ မိစ္ဆာဉာဏ်ကို ခင်ဗျားတို့က အခု နိုင်ငံခြားက မိစ္ဆာဉာဏ်သမားတွေက ကြီးကျယ်လာတော့ တယ်တော်တဲ့လူတွေလို့ထင်တယ်...။ (မှန်ပါ)၊ မထင်ခဲ့ဘူးလား...။ (ထင်ပါတယ်)၊ ထင်သာထင်တယ် ဘာတုံးလက်သည်...(မိစ္ဆာဉာဏ်ပါဘုရား)၊ မိစ္ဆာဉာဏ်ဆိုတာ အဝိဇ္ဇာ...ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

မိစ္ဆာဉာဏ်ဆိုတာ...(အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာက မကောင်းတဲ့ဘက်မှာဆိုတော့ သိတယ်။ ကောင်းတဲ့ သစ္စာဘက်ကျတော့ ဖုံးထားတယ်...။ (မှန်ပါ)။

ကဲ...ဒါလောက်ဆိုတဲ့တရားလက်အောက်မှာ ခင်ဗျားတို့ လူလားမြောက်တဲ့လူတွေ၊ သေတဲ့လူတွေ သေကုန်ပါပြီ။ ဘာအသုံးကျသွားသတုံး...။ (ဘာမှ အသုံးမကျပါဘုရား)၊ ရှင်းပြီလား...။ (ရှင်းပါပြီဘုရား)။

အခု အနောက်နိုင်ငံအချို့မှာ စကားစပ်မိလို့ ကြားဖူးတာ ပြောပြရရင် ဝက်တစ်ကောင်ထည့်လိုက်တဲ့၊ တစ်ဖက်ကနေပြီ တော့ စက်ထဲကို၊ ဟိုဘက်ကျတော့ ဘူးပိတ်ပြီ သာ

ထွက်လာတယ်။ ဒါ ဘာဉာဏ်ခေါ်ကြမလဲ...။ (မိစ္ဆာဉာဏ်ပါဘုရား)၊ ဝက်သတ်နည်း၊ ဝက်သားဟင်းချက်နည်း၊ ဘူးပိတ်ပြီးသကာလ ထွက်လာနည်း၊ ဒါတွေတောင် လုပ်ဘာပဲ။ ဒါတွေကျတော့ မိစ္ဆာဉာဏ်ကို၊ ဒါကို ချီးမွမ်းနေဖို့ မလိုပါဘူး။ အဝိဇ္ဇာက တိုးတက်လာတာ ပျက်ရမယ်...။ (မှန်ပါ့)။

ဘယ့်နှယ်မှတ်ကြမလဲ...။ (အဝိဇ္ဇာတိုးတက်လာတာပါဘုရား)၊ အဝိဇ္ဇာတိုးတက်သလောက် ဝိဇ္ဇာက ဆုတ်ယုတ်ရမယ်...။ (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ အားကျစရာလား။ ရှောင်ကြဉ်စရာလား။ အကဲခတ်ပါ...။ (ရှောင်ကြဉ်စရာပါဘုရား)။

ကိုင်း...ဒါဖြင့် သမ္မာဒိဋ္ဌိမျက်လုံးရှိလာတော့ ခုနင်က မိစ္ဆာမျက်လုံးနဲ့ ရထားတဲ့ ဘိက္ခုနီမငါးရာအတွက် ရှက်လာတယ်...။ (မှန်ပါ့)၊ မိစ္ဆာမျက်လုံးနဲ့ကြည့်လိုက်တုန်းကတော့ ဦးသံဒိုင် ပျော်လို့...။ (မှန်ပါ့)၊ကျွန်မ ငါးရာဖြစ်တဲ့ မာတုဂါမတွေနဲ့ တစ်ခါတည်း **အိမ်ထောင်ဖက်** ဖြစ်ပြီးသကာလ နေရတာကို မောင်သစ် ပျော်နေခဲ့တယ်...။ (မှန်ပါ့)၊ အခုသမ္မာဉာဏ်ရလာတော့ ဒါတွေဆီသွားပြီး တရားဟောရမှာကိုပင်...(ရှက်လာပါတယ်ဘုရား)။

ဒါကြောင့် ဟိုဘက်မှာ ပျော်တာက မိစ္ဆာဉာဏ်၊ ဒီ

ဘက်မှာ မကြည့်ချင်တာက ...(သမ္မာဉာဏ်ပါဘုရား)၊ သဘောပေါက်ကြပြီလား ...။ (ပေါက်ပါပြီ)။

အဲဒီတော့ ဘုန်းကြီး နေ့တိုင်း ဘာပေးနေသတုံးလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် သိလောက်ပါပြီ ...။ (မှန်ပါ)၊ ဘာပေးသလဲ ...။ (သမ္မာဉာဏ်ပေးပါတယ်ဘုရား)။

အဲ ...သမ္မာဉာဏ်ပေးနေတော့ ခင်ဗျားတို့က ဆင်ခြေကလေး လဲချင်သေးသလား။ ဘုန်းကြီးဟောတာတော့ ဟုတ်ပါရဲ့။ ကိုယ်က မနေနိုင်ဘူး။ ဘာဖြစ်တာတုံး ...။ ဉာဏ်ပေးတာ မယူချင်တာပဲ ...။ (မှန်ပါ)။

ဉာဏ်ပေးတာကို ...(မယူချင်ပါဘုရား)၊ ထွက်ပေါက်ပြတာကို ...(မထွက်ချင်တာပါဘုရား)၊ ဒါပဲ ပြန်ကျတယ်။ မဆိုးဝါးဘူးလား ...။ (ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် နွားတွေခြံထဲသွင်းတော့ ထွက်ပေါက်ကနေ ထွက်ပါလို့ နွားသမားက မောင်းတာတောင် မထွက်ချင်သေးဆိုလို့ရှိရင် နွားကျင်ငယ် ကျင်ကြီးတွေထဲမှာ နွားခြံဆိုတာ နွားကျင်ကြီးရှိတာကိုး ...။ (မှန်ပါ)၊ အဲဒီမှာ ပျော်နေတယ် ...။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား ...။ (ဆိုနိုင်ပါတယ်ဘုရား)။

ထွက်ပေါက် မောင်းထုတ်လို့မှ မထွက်ချင်တဲ့နွားကို ဘယ့်နှယ်ဆိုကြမလဲ ...။ (နွားကျင်ကြီးထဲ ပျော်ချင်လို့ပါဘုရား)၊ အဲ ...ကျင်ကြီးပျော်လို့ဆိုကြပါစို့ ...။ (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့ နောက်က ပျော်ခဲ့တာဟူ သရွေ့...တရားထူးမနာရခင်က နောက်က ပျော်ခဲ့တာ ဟူသရွေ့ နွားကျောင်းကြီးပျော်ခဲ့တာလို့မှတ်...။ (မှန်ပါ)၊ ရှင်းပြီ လား...။ (ရှင်းပါပြီ)။

ဒါတောင် ခင်ဗျားတို့က အသားယူလိုက်သေးတယ်။ ဒီလို နေရထိုင်ရတာ တော်သေးရဲ့တဲ့...။ (မှန်ပါ)၊ ဘာဖြစ် တာတုံး ဦးအောင်ဇံဝေ၊ မိစ္ဆာဉာဏ်နဲ့ ပျော်နေတာ...။ (မှန်ပါ)၊ ရှင်းပြီလား...။ (ရှင်းပါပြီ)။

ကဲ...ဒါဖြင့် တရားဆက်ကြပါစို့တဲ့။ ဒါက ကိုယ့် အမှားသိအောင်လို့ ပြောလိုက်ပါတယ်...။ (မှန်ပါ)၊ မှားတယ်ဆိုတာ သစ္စာမသိတာဘဲ...။ (မှန်ပါ)။

ဒါနဲ့ အဲဒီက ဥပါဒိဿယသတ္တိကြောင့် အခု ဘုရား သာသနာထဲဖြစ်လာတယ်ဆိုတာကော ကျေနပ်ကြပလား...။ (ကျေနပ်ပါပြီ)၊ နန္ဒကမထေရ်က သူကြွယ်မျိုး၊ မိထွေးတော် ဂေါတမီက သာကီဝင်မင်းမျိုးမှာ ဖြစ်လာပြီး သူတို့ ဘာ ကြီးစားသွားသလဲလို့မေးတော့ မဂ္ဂပစ္စယော ကြိုးစားသွား တယ်...။ (မှန်ပါ)။

**မဂ္ဂပစ္စယောက စန်းဆွတ်တယ်**

ဒါကြောင့် အခု ဒုက္ခခန္ဓာကြီး သယ်ပိုးနေတာ တစ်ယောက်မှ မတွေ့တော့ဘူး...။ (မှန်ပါ)၊ ဒါ ဘာကြိုးစား

**မဂ္ဂပစ္စယောဆိုတာ**

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ မဂ္ဂပစ္စယောကို ဟောကြစို့ဆိုတော့... (မှန်ပါ့)၊ မဂ္ဂပစ္စယော လွတ်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်းတဲ့၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ထဲက ထွက်မြောက်အောင် ကျေးဇူးပြုတယ်...။ (မှန်ပါ့)။

ဝဋ်တရားထဲက ထွက်မြောက်အောင် ကျေးဇူးပြုတာ ဘာပါလိမ့်မတုံးဗျာ...။ (မဂ္ဂပစ္စယောပါဘုရား)။

ဦးသံဒိုင် ဒီပစ္စည်းရှိပေလို့သာ တော်သေးတယ်...။ (မှန်ပါ့)၊ ဒီပြင်ပစ္စည်းတွေလိုတော့ ခက်ပြီ...။ (မှန်ပါ့)၊ ဒါကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ...မဂ္ဂပစ္စယော အရေးပါတယ်ဆိုတာ အင်မတန်မှ အရေးကြီးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ပရိနိဗ္ဗာန်စံခါနီးတောင် မဂ္ဂပစ္စယော ပေးချင်လွန်းလို့ သုဘဒ္ဒအတွက် ဆိုင်းငံ့တော်မူသေးတယ်...။ (မှန်ပါ့)။

**သုဘဒ္ဒရဟန်းကြီး**

သုဘဒ္ဒကြီးက ဘုရားတွေ အများကြီး ပေါ်နေကြတယ်။ ဒီဘုရားတော့ ငယ်လို့ ငါ မမေးဘူး။ သိဥ္စည်းတို့ကို လဲ သူက ဘုရားထင်တာကိုး...။ (မှန်ပါ့)၊ ဒီပြင်ဘုရားတွေ

ကတော့ အသက်ကြီးလှပြီ။ ဒီဘုရားကတော့ အသက်ငယ်သေးတယ်။ အဲဒီတော့ သိပ်ပညာထက်လှမယ်မထင်လို့ သူမမေးဘူးပေါ့လေ...။ (မှန်ပါ့)။

အဲဒီလောက် စကားကြီးနေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ သုဘဒ် ဘုရားဆီလာတဲ့အခါ အာနန္ဒာ...မတားပါနဲ့ကွာ၊ ငါ့ဆီကို လာခွင့်ပြုလိုက်ပါ။ ဘုရားဆီကိုသွားပြီး မညည်းဆဲချင်ပါနဲ့ဆိုတဲ့ စကားတွေ မသုံးစွဲပါနဲ့လို့ ရှင်အာနန္ဒာကိုပြောတာဟာ သုဘဒ်ကို ဘာပေးချင်လို့လဲ...(မဂ္ဂပစ္စယောပေးချင်လို့ပါ)၊ ကဲ...ဘယ်လောက်အရေးကြီးသလဲ...။ (မှန်ပါ့)၊ ဘုရားကသာ မဂ္ဂပစ္စယောပေးမသွားရင် သုဘဒ်ဟာ သံသရာထဲ ကျင်လည်ရဦးမယ်။ သုဘဒ်က ဘုရားကိုယ်တိုင်ချွတ်မှ ကျွတ်မည်။ ဗုဒ္ဓဝေနေယျပေကိုး...။ (မှန်ပါ့)။

အခုတော့ သူ့ဟာသူ နှိုးဆော်လာပြီး...ရှင်ဂေါတမဟာ နက်ဖြန် ပရိနိဗ္ဗာန်စံမယ်ကြားတယ်။ ဒါကလေးမမေးလိုက်ရလို့ရှိရင်တော့ ငါ့မှာ နောင်တ,ဖြစ်တော့မှာပဲ...။ အရှင်ကတော့ ငယ်တယ်လို့ ငါက ဆိုင်းနေတာ၊ အခုတော့ ပရိနိဗ္ဗာန်ပဲ စံတော့မယ်ဆိုတော့ မမေးလိုက်ရရင် တော်ပါ့မလားဆိုပြီး . သူ့ဟာသူ နှိုးဆော်လာတာ...။ (မှန်ပါ့)၊ သဘောကျပြီလား...။ (ကျပါပြီ)။

ဒီမှာလဲ ခင်ဗျားတို့ သစ္စာ့တွေက ကွယ်လိမ့်မယ်၊ မြန်မြန်လုပ်ကြ...။(မှန်ပါ့)၊သဘောပါပြီလား...။(ပါ,ပါပြီ)။

သစ္စာကွယ်လိမ့်မယ်ဆိုတာ သစ္စာကရှိလျက်နဲ့ ခင်ဗျားတို့မှာ ဉာဏ်ကွယ်သွားမယ်...။ (မှန်ပါ့)၊ သစ္စာကတော့... (ရှိလျက်ပါဘုရား)၊ ခင်ဗျားတို့က...(ဉာဏ်ကွယ်သွားမှာပါဘုရား)။

ကဲ...ခင်ဗျားတို့ ဉာဏ်ကွယ်သွားလိမ့်မယ်လို့ဆိုလိုတာ...။ (မှန်ပါ့)၊ သစ္စာတရား ကွယ်သွားလိမ့်မယ်ဆိုတာ သစ္စာတွေကတော့ ရှိမှာပဲ။ ဘုရားမပွင့်လဲ သစ္စာတွေကတော့ ရှိနေတာပဲ...။ (မှန်ပါ့)၊ သို့သော် ခင်ဗျားတို့မှာ ဘာကွယ်မယ်ထင်သတုံး...။ (ဉာဏ်ကွယ်မှာပါဘုရား)။

ဉာဏ်ကွယ်ရင် မှောင်ကျတော့မယ်...။ (မှန်ပါ့)၊ သမ္မာဉာဏ်ကွယ်လို့ရှိရင် မိစ္ဆာဉာဏ်က ထိုးတက်လာပြီ...။ (မှန်ပါ့)၊ အခု ဥရောပတိုက်နဲ့ အာရှတိုက်နဲ့ကြည့်၊ မိစ္ဆာဉာဏ် တိုးတက်လာတာပေါ့။ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

**မြန်မြန်သွပ်ခွ နေရာကျမယ်**

အဲဒါကြောင့် မြန်မြန်လုပ်ပါဆိုတာ ဦးအောင်ဖေတို့ အသက်ကလဲကြီး၊ ဦးသံဒိုင်တို့ ဝေဒနာကများ၊ မောင်သစ်တို့လဲ အသက်ကြီးလာကြပြီ။ မြန်မှ နေရာကျမယ်...။

(မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘယ်လိုတုံး...။ (မြန်မှ ရပါမယ်)။

တစ်ခါ အဲဒီ မိစ္ဆာဉာဏ်တွေက လွှမ်းမိုးလာလို့ မြန်ဖို့က တစ်မျိုး၊ ခန္ဓာက သုသာန်ကို အပြေးသွားနေလို့ တစ်မျိုး...။ (မှန်ပါ)။

ခန္ဓာက ဘယ်သွားနေသတုံး...။ (သုသာန်အပြေးသွားနေပါတယ်)၊ သုသာန်အပြေးသွားနေလို့ တားမရတာက တစ်မျိုးဆိုတော့ ခင်ဗျားတို့မှာ သုသာန်အပြေးသွားနေတဲ့ တစ်နေ့ကျရင်၊ သူက ဦးလို့ရှိရင် မဂ္ဂပစ္စယော နောက်ကျမယ်...။ (မှန်ပါ)၊ သူက အသေဦးသွားရင်...မဂ္ဂပစ္စယော နောက်ကျမယ်...။ (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့ ဖြည်းဖြည်းမှ လုပ်မယ်ဆိုတဲ့ လူဟာ မဂ္ဂပစ္စယောကို ကိုယ့်ကိုယ် ကယ်တင်မည့်လူကို နောက်ခိုင်းတာနဲ့ တူနေတယ်။ ထိုးချမည့်လူအတွက် မိပါစေဆိုပြီး ခန္ဓာပစ်ပေးလိုက်တာနဲ့ တူနေတယ်...။ (မှန်ပါ)၊ မတူဘူးလား...။ (တူပါတယ်ဘုရား)။

အဲဒါတွေက စကားတတ်လို့ ပြောသည် မဟုတ်ပါဘူးတဲ့၊ ဖြစ်စဉ်အလိုက်ပြောတာ...။ (မှန်ပါ)။

ဒါဖြင့် အရေးတကြီး လုပ်ရမယ့်အလုပ်ဆိုတာ သေချာကြပြီလား...။ (သေချာပါပြီ)။

**ဘုရား၏အမိန့်တော်**

ကိုင်း…ဒါနဲ့ နန္ဒကမထေရ်က မဟောချင်သော်လဲ ဘုရားက အမိန့်ချတာနဲ့၊ သူ့ ဟောမှ ကျွတ်မှာလဲ သေချာနေတာနဲ့ အာနန္ဒာ…ဒီနေ့ ဘိက္ခုနီမတွေ ဆုံးမတရားဟောဖို့ ဘယ်သူ့အလှည့်တုံး…မေးတော့ ရှင်အာနန္ဒက ရှင်နန္ဒက အလှည့်ပါဘုရား။ သူက ဘိက္ခုနီမတွေဆီသွားပြီး တရားကို မဟောချင်ဘူး။ သပိတ်သုတ်စရာလေးရှိသလေး၊ သင်္ကန်းချုပ်စရာ ရှိသလေးနဲ့ ရှောင်လွှဲနေပါတယ် ဘုရားလို့ လျှောက်တော့…ဒါဖြင့် ခေါ်ချေ…ခေါ်ချေ၊ ငါ့အမိန့်နဲ့ ရှင်နန္ဒကကို ခေါ်ချေဆိုပြီး ခေါ်ခိုင်းလိုက်တယ်…။ (မှန်ပါ့)။

ရှင်နန္ဒက…ယနေ့ မင်းသွားပြီး ဘိက္ခုနီမတွေကို တရားဟောချေဆိုတော့ ကောင်းပါပြီ ဝန်ခံပြီး တရားဟောဖို့ ဆွမ်းခံပြန်လာပြီး ဘိက္ခုနီမတွေဆီ ဝင်လိုက်တဲ့အခါကျတော့ ဟောလိုက်ပါတယ်။ ဒါက စ,ပြောတယ်။

**ရှင်နန္ဒက၏တရားတော်**

ဘိက္ခုနီမတို့ ငါ ပြောတဲ့တရားကို သင်တို့က မသိသေးရင် မသိသေးပါဘုရား လျှောက်ပါ။ သိလျှင်သိပါပြီဘုရား လျှောက်။ သိတဲ့အထဲကမှ ချွင်းချက်လေး ကျန်နေသေးရင် ဒါကလေး ကျန်နေသေးတယ်ဘုရား။ ဒါကလေး

ကျန်နေသေးတယ်ဘုရား။ ဒါကလေး ကျန်နေသေးတယ် ဘုရား လျှောက်ဆိုတော့ ရှေးက ဟောသွားတဲ့ ရဟန္တာ မထေရ်မြတ်ကြီးတွေက ဒီလိုဖိတ်ကြားချက်မပါဘူး...။ (မှန်ပါ့)၊ ဖိတ်ကြားချက်မပါတော့ သူတို့စိတ်ထဲမှာ နာတော့နာရတယ်၊ တရားမှန်းတော့လဲသိရဲ့။ ဝမ်းမြောက် မှုက ဒါလောက်မရှိဘူး...။ (မှန်ပါ့)၊ တရားနာရတဲ့အခါ ဒီဆရာနဲ့ ဝမ်းမြောက်မှုကလဲ ပါဦးမှ။ ဒါမှလဲ ရဲရဲတင်းတင်း လုပ်ဖြစ်တာကိုး...။ (မှန်ပါ့)၊ နို့မဟုတ်ရင် လုပ်ဖြစ်ပါ့ မလား...။ (မလုပ်ဖြစ်ပါဘုရား)၊ အဲဒါကြောင့် ဝမ်းမြောက် မှုပေးလိုက်တော့ ဘိက္ခုနီမတွေ ကျေနပ်သွားတယ်...။ (မှန်ပါ့)။

နဂိုကလဲ ဒီကိုယ်တော်တရားသာနာရလို့ရှိရင် ကျုပ်က သောတာပန်တည်မှာ သူတို့ချင်းကပြောလျက်၊ ကျုပ်က သကဒါဂါမ်၊ ကျုပ်က အနာဂါမ်၊ ကျုပ်က ရဟန္တာဖြစ်မှာ လို့ ပြောလျက် သူတို့ဆန္ဒအတိုင်းပေါ့ဗျာ...။ (မှန်ပါ့)။

ဒါနဲ့ ဆွမ်းခံပြန်ပြီး ဝင်လာတယ်။ ဘိက္ခုနီမတွေက ခြေဆေးရေတွေ ဘာတွေ ဟည်ထား။ နေစရာထိုင်စရာ ခင်းထား၊ တရားဟောတဲ့နေရာ တက်ပြီးတော့ ခုနင်ကပြောတဲ့ အတိုင်း ဖိတ်ကြားပြီးတော့ ဘိက္ခုနီမတွေကို တရားဟော တယ်...။ (မှန်ပါ့)။

စက္ခုံစပဋိစ္စရူပေစ ဉပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာဆိုရာ၌ စက္ခုဒွါရမှာ စက္ခုဝိညာဏ်နဲ့ ဝေဒနာဟာ အတူတူပဲဖြစ်ပါတယ်...။ (မှန်ပါ့)၊ နောက်မှလဲ ဝေဒနာပေါ်တတ်သေးတယ်မှတ်ရမယ်...။ (မှန်ပါ့)၊ ဘာဝေဒနာပေါ်တတ်သေးသတုံးဆိုလို့ ရှိရင်ဖြင့် မြင့်တဲ့အခါမှာ မြင့်တဲ့ ဉပေက္ခာဝေဒနာပေါ်တာပဲ။ ပေါပင်ပေါ်ကြားသော်လဲ အဲဒါ မရှုမိတဲ့အခါကျတော့ ကြည့်တဲ့ အခါမှာ ဝမ်းသာတယ်ဆိုတဲ့ သောမနဿဝေဒနာလဲ နောက်က လိုက်တတ်တယ်...။ (မှန်ပါ့)။

အဲဒါကြောင့် ဝေဒနာသည် ဝိပဿနာဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မှာတော့ မျက်လုံးဉပေက္ခာဝေဒနာပဲ ရှုလို့ရမယ်...။ (မှန်ပါ့)၊ ဝိပဿနာဉာဏ် နုံ့နှေးနေတဲ့ ပုဂ္ဂိုလ်ကျတော့ နောက်ပေါ်တဲ့ ဇောဝေဒနာပါ ရှုမိတတ်တယ်...။ (မှန်ပါ့)၊ သဘောကျပြီလား...။ (ကျပါပြီ)။

**ဘယ်တာဖြစ်ဖြစ် ရှုကောင်းတယ်**

ဝိပဿနာဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကျတော့ မြင်တဲ့ ဝေဒနာပဲ ရှုမိတယ်...။ (မှန်ပါ့)၊ ဝိပဿနာဉာဏ်နှေးနေတဲ့ ပုဂ္ဂိုလ်ကျတော့ ခုနင်က သာယာတဲ့ ဇေဒနာရှုတတ်တယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

အဲဒီတော့ကို ဘယ်ဟာပဲ မိမိ ခင်ဗျားတို့ ရှုကောင်းတယ်လို့ မှတ်ပါ…။ (မှန်ပါ့)။

ဘယ်ဟာပဲ မိမိ…(ရှုကောင်းပါတယ်ဘုရား)၊ သို့သော် ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် သုခပဋိပဒါ ခိပ္ပာဘိညာပုဂ္ဂိုလ်တို့ကျတော့ မျက်လုံးပဲ ရှုမိတယ်။ ဒန္ဓာဘိညာသမား ဉာဏ်နှေးတဲ့ ပုဂ္ဂိုလ်ကျတော့ ဇောရှုမိမယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)။

ထက်တဲ့ ပုဂ္ဂိုလ်ကတော့…(မျက်လုံးဝေဒနာရှုမိတယ်)၊ နုံ့တဲ့ပုဂ္ဂိုလ်ကတော့ မြင်ပြီး လိုချင်တဲ့ လောဘသောမနဿ ဝေဒနာကျမှ ရှုမိတယ်…။ (မှန်ပါ့)။

ဒါကတော့ဖြင့် ခင်ဗျားတို့ ဝိပဿနာဉာဏ် အနုံ့ အထက်ပေါ်မှာ မူပါတယ်လို့ မှတ်ရမယ်…။ (မှန်ပါ့)။

ကျင့်သားရပြန်တော့လဲ ခုနင်က မျက်လုံးပဲသွားမိတယ်…။ (မှန်ပါ့)၊ ကျင့်သားမရခင်ဆိုလို့ရှိရင် ဇောကျမှ သွားမိတယ်…။ (မှန်ပါ့)၊ သဘောကျပြီလား…။ (ကျပါပြီဘုရား)။

**ဝေဒနာဆိုတာ**

ဘိက္ခုနီမတို့…ဝေဒနာဆိုတာ ဘာနဲ့တူပါသတုံး ဟောတဲ့အခါကျတော့ သစ်ပင်မှာအမြစ်လဲရှိတယ်၊ ပင်လုံးလဲ ရှိတယ်၊ အကိုင်းအခက်အမတွေလဲရှိတယ်၊ အရိပ်လဲရှိတယ်

ဆိုတော့ ခုနင်က စက္ခုဒွါရက အမြစ်နဲ့တူရတဲ့အကြောင်းခံပေါ့ဗျာ...။ (မှန်ပါ့)၊ ရူပါရုံက အပင်နဲ့တူတဲ့အကြောင်းခံပေါ့ဗျာ။ စက္ခုဝိညာဏ်ကတော့ ယှဉ်ဖော်ယှဉ်ဖက်တရားတွေနဲ့ ဖြစ်ရသည်ဖြစ်လေသောကြောင့် အကိုင်းအခက်နဲ့တူတယ်။ ဒီထဲကမှ ဝေဒနာဆိုတာက အရိပ်နဲ့တူတယ်...။ (မှန်ပါ့)။

အဲဒီတော့ ဘိက္ခုနီမတို့...၊ ဒီသစ်ပင်ဟာ အနိစ္စကြောင့်ဖြစ်တဲ့သစ်ပင်၊ ရူပါရုံကလဲ အနိစ္စ၊ စက္ခုပသာဒကလဲ အနိစ္စ၊ စက္ခုဝိညာဏ်ကလဲ အနိစ္စ၊ သူ့ကို ဖြစ်စေတဲ့ ဖဿကတော့...(အနိစ္စပါဘုရား)၊ အဲဒီသူက ဖြစ်စေတဲ့ ဝေဒနာကျတော့ ဘယ့်နှယ်ဆိုကြမလဲ...။ (အနိစ္စပါဘုရား)၊ ဩော်...အနိစ္စကမွေးလို့ အနိစ္စဖြစ်တယ်လို့မှတ်ပါ...။ (မှန်ပါ့)။

သို့သော် အနိစ္စကို ဘိက္ခုနီမတွေဟောလိုက်တဲ့အခါကျတော့ အရှင်ဘုရား သဘောကျပါပြီ၊ ဒီဝေဒနာအနိစ္စဆိုတာ နောက်ဆုံးပိတ်မှ ပေါ်ရင်ြားသော်လဲ ပျက်တော့သူက အရင်ပျက်ပါတယ်...။ (မှန်ပါ့)၊ ရှင်းပြီလား...။ (ရှင်းပါပြီ)။

**အရိပ်နဲ့တူတဲ့ဝေဒနာ**

ပျက်တော့...(သူက အရင်ပျက်ပါတယ်)၊ သူက အရင်ပျက်ရမယ်တဲ့...၊ ဘာကြောင့်တုံးဆိုတော့ သူက

အကုန်မီနေရတာကို....။ (မှန်ပါ)၊ သစ်ပင်အရိပ်နဲ့တူတဲ့ ဝေဒနာသည် အကိုင်းအခက်လဲ မီရတယ်။ ပင်လုံးကော... (မီရပါတယ်)၊ အမြစ်တွေကော...(မီရပါတယ်)၊ မီနေရတော့ ဒီအပင်ကြီး အမြစ်နဲ့တကွ ကျွတ်လဲသွားတဲ့အခါကျတော့ အရိပ်က ကျန်ရစ်စရာ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဒါဖြင့် ဒီအတိုင်း သင်တို့သည်ကားလို့ဆိုလို့ရှိရင် ဝေဒနာကို ရှုပေးပါ။ သဘောကျပလား...။ (ကျပါပြီ)။

**ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှု**

ရှုပေးလိုက်တဲ့အခါကျတော့ သင်တို့ ကျေးဇူးများပါလိမ့်မယ်။ ရှုရတဲ့ကိစ္စကို ငါပြောပြမယ်။ ဝေဒနာပေါ်တိုင်း သင်တို့ ရှုပေးတဲ့...။ (မှန်ပါ)။

ဝေဒနာပေါ်တိုင်း...(ရှုပေးရပါမယ်)၊ မျက်လုံးပေါက်က ပေါ်လဲရှု၊ နားပေါက်ကပေါ်လဲ ရှု။ မနေ့ကပြောခဲ့တဲ့ ဝေဒနာ ဆယ့်နှစ်မျိုးတောင်ရှိတယ် မဟုတ်လား...။ (မှန်ပါ) ဘာလုပ်ရမလဲ...(ရှုပေးရပါမယ်)၊ ပေါ်လာတာကို အကုန် ဖြစ်ပျက် ရှုပေးပါ...။ (မှန်ပါ)၊ ဘာလုပ်ရမလဲ...(ရှုပေးရပါမယ်)၊ ပေါ်လာတာကို အကုန်ဖြစ်ပျက်ရှုပေးပါ...။ (မှန်ပါ) မရှုရင် ဝေဒနာပစ္စယာ တဏှာလာမယ်...။ (မှန်ပါ) ဝေဒနာပစ္စယာလောဘလဲ... (လာမှာပါ)၊ ဝေဒနာဖြစ်တာ

မသိလိုက်လို့ မောဟလဲ လာနိုင်တာပဲ...၊ ဝေဒနာပစ္စယာ ဒေါသကော...(လာမှာပါဘုရား)။

အဲဒါတွေမလာအောင် ဘယ်ဝေဒနာမိမိ ခင်ဗျားတို့က ရှုပေး...။ (မှန်ပါ)၊ ရှုလိုက်လို့ရှိရင် လောဘ၊ ဒေါသ၊ မောဟ သေတာပဲ...။ (မှန်ပါ)၊ သဘောပါကြပြီလား...။ (ပါ,ပါပြီ)။

"ကောင်းပြီ၊ ဒီလိုရှုလိုက်တဲ့အခါကျတော့ လောဘ၊ ဒေါသ၊ မောဟ သေတာ သေချာပြီးသကာလနေတော့ မျက်လုံးပေါက်ပေါ်တဲ့ဝေဒနာရှုရှု၊ ဝမ်းထဲပေါ်တဲ့ဝေဒနာရှုရှု၊ ကြိုက်တာရှု၊ ဝေဒနာဆိုရင် ရှုကောင်း တာချည်းပဲ...။ (မှန်ပါ)၊ ရှင်းကြပြီလား...။ (ရှင်းပါပြီ)။

အဲဒီတော့ ဝေဒနာချုံးလိုက်တော့ သုံးမျိုး၊ ပြားလိုက်တော့ ငါးမျိုး၊ ဒီထက်ပိုပြားရင် ခြောက်မျိုး၊ သဘောကျပလား...။ (ကျပါပြီ)။

**နွားထောင်ဆိုတဲ့ဥပမာ**

ကောင်းပြီ၊ ဒီလိုရှုလိုက်တော့ ဒီဝေဒနာရှုခြင်းဖြင့် ကျေးဇူးကို ဘိက္ခုနီမတွေကို ပြောပြတယ်။ သင်တို့ နွား ထောင်ကြ...။ (မှန်ပါ)၊ နွားတစ်ကောင်ရှိတယ်တဲ့။ နွား တစ်ကောင်ကို နွားဖျက်တဲ့ဓားနဲ့ ဖျက်လိုက်တဲ့အခါကျတော့ အရေနဲ့နွားနဲ့ကြားမှာ ဘာရှိတယ်ဆိုတာ သင်တို့ သိလိမ့်မယ်

တဲ့။ အကြောသေးကလေးတွေရှိတယ်...။ (မှန်ပါ့)။အသားနဲ့ အရေနဲ့ ဆက်ထားတယ်...။ (မှန်ပါ့)။

အဲဒီတော့ နွားဖျက်သလိုပဲ ဖျက်ရမယ်တဲ့။ နွားဖျက်သလိုဆိုတော့ ဒီအကြောသေးကလေး ဖြတ်လိုက်တဲ့အခါကျတော့ အရေနဲ့နွားနဲ့ဟာ တခြားစီဖြစ်သွားတယ်...။ (မှန်ပါ့)။

အဲဒီတော့ နွားဟူသောအမည်ကို ပျောက်ချင်လို့ရှိရင် အကြောသေးဖြတ်မှ...(မှန်ပါ့)၊ နို့မဟုတ်ရင် မဖြစ်ရင် နွားသေရင်လဲ လာမယ်၊ နွားရှင်လဲ လာမယ်...။ (မှန်ပါ့)။

သားရေခွာတဲ့ သားလှီးဓားကလေးနဲ့ ခွာလိုက်တော့ အသားနဲ့ အရေနဲ့ တွယ်ထားတဲ့ အကြောပေါင်း ကိုးရာသော ကြောသေးကြောမကလေးကွေနဲ့ ဓားနဲ့လှီးလိုက်တဲ့အခါကျတော့ ဘယ့်နှယ်နေသတုံးတဲ့။ နွားဟူသောပညတ် ပျောက်မပျောက်...(ပျောက်ပါတယ်ဘုရား)၊ ပျောက်တယ်။ ဒါက အရေ...ဟုတ်လား။ ဒါက အသား။ ဒါကအကြော...။ (မှန်ပါ့)။

ထို့အတူပဲ။ စက္ခုပသာဒနာတိ ရူပေစပသာဒနာတိ။ ယဉ္စတဒုဘယံ ဥပ္ပဇ္ဇတိ သံယောဇနံ...ဒါလာတယ်။ ဒါက သတိပဋ္ဌာန်ထဲမှာလဲပါတယ်။ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

ကဲ…ဒါဖြင့် စက္ခုပသာဒ ဒီအကြည်ဓာတ် ကလေး၊ စက္ခုပသာဒ ရုပ်ကလေး။ ရူပေစဥပ္ပန္နတိ ဆိုတာ ဟိုဘက်က၊ ယဥ္စဥပ္ပန္နတိ သံယောဇန်ဆိုတာက ဒကာ ဒကာမတို့သူတို့နှစ်ခုကို ခင်နေတဲ့၊ သံယောဇဉ်ကလေးဟာ ပြင်ဘက်ကဟာလဲ ကျူးပ်ခင်တာပဲ။ အတွင်းထိလဲ မကြိုက် ပါဘူး။ ဒါဖြင့် နှစ်ခုစလုံးကြိုက်လို့နေမှာပေါ့…။ (မှန်ပါ့)၊ ပြင်ဘက်က အသားတွေ ခြင်ကိုက်တော့… (မကြိုက်ပါ ဘုရား)၊ ဝမ်းထဲမှာ ပိုးလောက်တွေက စားနေတယ်ဆိုရင် တော့…(မကြိုက်ပါဘုရား)၊ ဒါဖြင့် အတွင်းရော အပြင်ရော သူသည်ကားလို့ဆိုရင် ငြိတယ်။ ငြိနေတာဟာ အတွင်းကိုလဲ ငြိရဲ့၊ အပြင်ကိုလဲ ငြိရဲ့ဆိုတော့ ခုနင်က အသားနဲ့ အရေနဲ့ ငြိအောင် ဘယ်သူက လုပ်ထားသတုံးဆိုတော့ အကြော သေးက လုပ်ထားတယ်…။ (မှန်ပါ့)၊ သဘောကျပြီလား…။ (ကျပါပြီ)။

နွားအရေနဲ့ နွားရဲ့အသားနဲ့ နဂိုက ဆက်ထားတာ ဒကာ ဒကာမတို့ ဘယ်သူတုံး…။ (အကြောသေးပါ ဘုရား)။

အဲဒီအကြောသေးကလေးတွေကို ခင်ဗျားတို့က ဘာနဲ့ ဖြတ်ရမတုံးလို့ မေးတဲ့အခါကျတော့ ဓားနဲ့ ဖြတ်ရမယ်…။ (မှန်ပါ့)၊ သဘောကျပြီလား…။ (ကျပါပြီ)။

**မဂ္ဂင်ဖောချွင်နှင့်ဖြတ်**

ထို့အတူပဲ တွယ်ထားတဲ့ တဏှာကိုလဲ ဒကာ ဒကာမ တွေက ဓားနဲ့တူတဲ့ မဂ္ဂင်ဖောချွင်တို့နဲ့ဖြတ်ရမယ်...။ (မှန်ပါ)၊ သဘောကျပြီလား...။ (ကျပါပြီ)။

ယဋ္ဌတဒုဘယံ ပဋိစ္စပဇာနာတိ ကဋ္ဌပဇာနာတိ။ သတိ ပဋ္ဌာန်ပါဠိတော်မှာ...(မှန်ပါ)၊ ကဋ္ဌကို ဖြတ်ရမည့် တရား ကလေးလိုလဲ၊ ပဇာနာတိဖြတ်ရလိမ့်မယ်လို့ သိအောင် လုပ်ရ မယ်...။ (မှန်ပါ)၊ ဒီတဏှာကလေးဖြတ်ရမယ်၊ ဒီတဏှာ ကလေးရှိနေလို့ရှိရင် အဇ္ဈတ္တိ ကာယတနနဲ့ ဗဟိဒ္ဓါ ယတန ကြားမှာတဏှာကဆွဲတယ်...။(မှန်ပါ)၊ အတွင်း ကာယတန နဲ့ ပြင်ဘက် ကာယတနကြား ထဲမှာ...(တဏှာက ဆွဲထား ပါတယ်)။

အဲဒီ တဏှာကလေးမဖြတ်လိုက်လို့ရှိရင်ဖြင့် ခုနင်က ပြောတဲ့ နွားကောင်ဆိုတဲ့ ပညတ်ကြီးဟာ ပျောက်မယ် မဟုတ်ပါဘူး...။ (မှန်ပါ)၊ ပျောက်စရာမြင်သေးရဲ့လား...။ (မမြင်ပါဘုရား)၊ ဘာလို့မမြင်သတုံး...၊ သူကဆွဲထားတာ...။ (မှန်ပါ)၊ ကြောသေး ကြောမတွေက တွဲထားတော့... (ပျောက်နိုင်သေးရဲ့လား...။ (မပျောက်နိုင်ပါဘုရား)။

အဲဒါတွေ သားလှီးဓားနဲ့ဖြတ်။ ဖြတ်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း အရေတခြား၊ အသားတခြား ဖြစ်သွား

တဲ့အခါကျတော့ နွားဟူသောပညတ် ပျောက်မယ်...။ (မှန်ပါ့)၊

အဲဒီတော့ကို ဒီဟာကိုတွယ်နေတဲ့ ခင်ဗျားတို့က အရေကိုလဲ ကြောက်စရာ မလိုပါဘူး၊ အသားကိုလဲ ကြောက်စရာ မလိုဘူး၊ တွယ်တာတာကလေးကိုဖြတ်ဖို့လိုတယ်...။ (မှန်ပါ့)၊ အဇ္ဈတ္တိကာယတနလဲ ခင်ဗျားတို့ကိစ္စမရှိဘူး...။ (မှန်ပါ့)၊ ဗဟိဒ္ဓါယတနလဲ ကိစ္စမရှိဘူးတဲ့၊ ဒီကြားထဲ ဆက်သွယ်ထားတဲ့ တဏှာကလေးဖြတ်ဖို့ အရေးကြီးတယ်...။(မှန်ပါ့)၊ဘိက္ခုနီမတွေကိုဟောနေတယ်...။(မှန်ပါ့)။

တဏှာကလေ ဖြတ်ဖို့ အရေးကြီ တယ်ဆိုသဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဖြတ်လိုက်တာပေါ့။ ဒီပြင်ဟာတွေ ရှုတာလဲ တဏှာဖြတ်တာပဲ။ တဏှာကို တိုက်ရိုက် ဖြတ်နိုင်လို့ရှိရင် သာကောင်းတယ်...။ (မှန်ပါ့)၊ သဘောကျ ပြီလား...။ (ကျပါပြီ)။

ယဥ္စတဒုဘယံ ပဋိစ္စဥပ္ပဇ္ဇတိသံယောဇနံ။ သံယောဇဉ် ဆိုတာ တဏှာရောက်သွားပြီ...။ (မှန်ပါ့)၊ ထိုနှစ်ပါး အမှီပြုပြီး တဏှာဖြစ်တာပဲ...။ (မှန်ပါ့)။

**တဏှာကိုဖြတ်ရမယ်**

ခင်ဗျားတို့ခန္ဓာကိုယ် ကြည့်ပါလား...၊ အတွင်းသား ကြည့်ပြီးသကာလ၊ ကိုယ့်ကိုကြည့်ပြီးသကာလ ခင်တာပဲ...။

(မှန်ပါ့)၊ အတွင်းကြည့်ပြန်တော့...(ခင်ပါတယ်)၊ ခင်တာပဲ ဆိုတော့ အဇ္ဈတ္တရော၊ ဗဟိဒ္ဓရော ခင်ဗျားတို့ဟာက အကုန် ခင်နေတာက နှစ်ခုစလုံးကို ဟိုဟာလဲ ငါ့ဟာပဲ၊ ဒီဟာလဲ ငါ့ဟာပဲလို့ တွဲထားတော့ အကြောသေး၊ အကြောမွှန့်တူတဲ့ ဟာကျောပဲ...။ (မှန်ပါ့)၊ အဲဒါကို ဖြတ်ရမယ်...။ (မှန်ပါ့)၊ သဘောကျပြီလား...။ (ကျပါပြီ)။

အဲဒီတော့ ဒါကလေးမဖြတ်လို့ရှိရင် နေရာမကျဘူး ဆိုတာတော့ သဘောကျပြီလား...။ (ကျပါပြီ)၊ နွားကောင် ပျောက်နိုင်ပါ့မလား...။ (မပျောက်ပါဘုရား)၊ မပျောက်ပါ ဘူး၊ နွားကောင်ပဲ ပြန်ဖြစ်မယ်...။ (မှန်ပါ့)၊ ဒါကလေးကို ဖြတ်လို့ရှိရင် ဟောဒါက အရေ၊ ဒါက အသား၊ ဟောဒါ ကလေးတွေက ဆက်ထားတဲ့အကြော၊ ဒီအကြောကလေးတွေ ဖြတ်လိုက်ဖို့ရာ သိပ်အရေးကြီးတယ်တဲ့။ ရှင်နန္ဒက တကျော ဖြတ်ဖို့ ဟောနေတာ...။ (မှန်ပါ့)။

ဘာဟောနေတာတုံး...။ (တကျောဖြတ်ဖို့ ဟောနေ တာပါဘုရား)။

ကိုင်း...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာလုပ်ရမှာတုံးဆိုလို့ရှိရင် ရှုပါရုံလဲ ရှုပါလို့ဟောတယ်၊ ရုပ်အနိစ္စလို့...။ (မှန်ပါ့)၊ ရှုသွားလို့ရှိရင် သူပြတ်လို့ရှိရင် လဲ အကြောင်းကလေးက ဒီဘက်ပြတ်မှာပဲ...။ (မှန်ပါ့)၊

စက္ခုအနိစ္စံဆိုလို့ရှိရင်လဲ ဒီအကြောကလေးဟာ စက္ခုနဲ့ တွယ်နိုင်သေးရဲ့လား...။ (မတွယ်နိုင်ပါဘုရား)။

မတွယ်နိုင်တော့ အဲဒါတွေရှုလဲ ကျေးဇူးရှိတာပဲ...။ (မှန်ပါ့)၊ 'သဘောပါကြပြီလား...။ (ပါ,ပါပြီ)။

ယဥ္ဆတဒုဘယံ ပဋိစ္စသံ ယောဇနံဆိုတော့ သူတို့နှစ်ခု ပေါင်းပြီးသကာလ ကြားထဲမှာ သံယောဇဉ်ဆိုတာတွေက ရှိတာတဲ့...။ (မှန်ပါ့)၊ ခင်ဗျားတို့ကြည့်ပါတဲ့။ မြင်တာကိုလဲ ခင်တာပဲ။ ကိုယ့်ကိုယ်ကိုယ်လဲ...(ခင်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူ့အတွက် ခင်တာတုံးဆိုတော့ ကိုယ့်ကိုယ်ကိုယ်ပေါ့ဘုရား။ ဒီကုန်ကလေး လှလိုက်တာဆိုတော့ မျက်လုံးက မြင်လိုက်တယ်...။ (မှန်ပါ့)၊ ကုန်ကလေးနှယ် လှလိုက်တာ၊ ကိုင်ကြည့်တော့ ကြိုက်မှာပဲ၊ သုံးစွဲတဲ့ လူတွေတော့ ကြိုက်မှာပဲ...ဆိုတော့ ဟိုပြင်ဘက်ဟာတွေလဲ ခင်ဗျားတို့ ကြိုက်တာပဲ...။ (မှန်ပါ့)၊ ကြိုက်တာတော့ ကြိုက်ပါတယ်။ ဟိုမှာလဲ ငြိတယ်...။ (မှန်ပါ့)၊ ဒါ ဘယ်သူတုံး မေးရင် ဘယ့်နှယ်ပြောမတုံး...။ (တဏှာပါဘုရား)၊ ပေါ်ကြပြီလား...။ (ပေါ်ပါပြီ)။

အစ္ဈတ္တနဲ့ ဗဟိဒ္ဓ တွဲချုပ်ထားတာ...(တဏှာပါဘုရား)၊ အဲဒီ တဏှာကလေးကို ခင်ဗျားတို့ မဂ်နဲ့ ဖြတ်ရလိမ့်မယ်...။ (မှန်ပါ့)၊ သားလှီးဓားနဲ့ဖြတ်သလို မဂ်နဲ့ ဖြတ်ရမယ်း..။ (မှန်ပါ့)။

အဲဒီလိုပြောလိုက်တော့ ဘိက္ခုနီမတွေက နဂိုကလဲ သဘောတွေက ပေါက်ပြီးသားဖြစ်ပြီးသကာလနေတော့ ခန္ဓာဉာဏ်လှည့်ကြပါတယ်။ ခန္ဓာဉာဏ်လှည့်ကြတဲ့အခါကျတော့ ဒကာ ဒကာမတို့ ဒီဝေဒနာကလေးကို ရှုလိုက်တော့ ဝေဒနာပစ္စယာ တဏှာမလာဘူး။ ဦးအောင်ဇံဝေ မှတ်ထားပါ။ ဝေဒနာဖြစ်ပျက် ရှုလိုက်တော့ကို ဝေဒနာက ဖြစ်ပျက်၊ အနိစ္စ ရှုတာက မဂ္ဂဆိုတော့ နောက်က တဏှာလာနိုင်၊ ဘဝတဏှာ လာနိုင်သေးရဲ့လား...။ (မလာနိုင်ပါဘုရား)၊ ဘယ့်နှယ်ကြောင့် မလာနိုင်သတုံးဆိုတော့ ဆက်သွယ်တဲ့ အကြောကလေ ဖြတ်လိုက်တယ်။ ဆက်သွယ်တာက တဏှာကို...။ (မှန်ပါ့)၊ သူလာမှ ဆက်သွယ်တာကိုး။ ဝေဒနာက ဆက်သွယ်တာ မဟုတ်ပါဘူး...။ (မှန်ပါ့)၊ ဘယ်သူက ဆက်သွယ်သတုံး...။ (တဏှာက ဆက်သွယ်ပါတယ်ဘုရား)။

**ဗွင်နဲ့ ဗောဇ္ဈင်ဆိုတာ**

ဒါဖြင့် ဒီအကြောကလေးတွေကို ဗောဇ္ဈင်မဂ္ဂင်နဲ့ ဖြတ်ကြစမ်းပါ...။ (မှန်ပါ့)၊ ဖြတ်တဲ့အခါကျတော့၊ ဒီစခန်းမှာတော့ ဦးသံဒိုင်က ဖြစ်ပျက်ဗောဇ္ဈင်ချည်း ပြောတယ်။ မဂ္ဂင်မပါဘူး။ သို့သော် ဒီလိုမှတ်ကြပါတဲ့၊ မဂ္ဂင်နဲ့ဗောဇ္ဈင်ဆိုတာ မဂ္ဂင်ကလဲ နိဗ္ဗာန်ဂစ္ဆတီတိမဂ္ဂေါ။ ဗောဇ္ဈင်ကလဲ သစ္စာသိဖို့

ပောတာပဲ၊ နိဗ္ဗာန်သို့သွားခြင်း ကျေးဇူးများတယ်...။ (မှန်ပါ့)၊ ဒီတော့ နာမည်သာပြောင်းထားတာပါ။ သူက သစ္စာသိတယ်။ ဟိုက မဂ္ဂင်က သစ္စာဖြစ်နေတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ဗောဇ္ဈင်ဆိုတာ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ သစ္စာသိခြင်းအကျိုးမှာ ကျေးဇူးများတယ်...။ (မှန်ပါ့)၊ မဂ္ဂင်ဆိုတာလဲ ဘာကျေးဇူးများသတုံးဆိုတော့ နိဗ္ဗာန်သို့သွားခြင်း ကျေးဇူးများတယ်...။ (မှန်ပါ့)၊ ဒီတော့ နာမည်သာ ပြောင်းထားတာပါ၊ သူက သစ္စာသိတယ်။ ဟုတ်လား...။ (မှန်ပါ့)၊ မဂ္ဂင်ကတော့ သစ္စာဖြစ်နေတယ်...။ (မှန်ပါ့)၊ သို့သော် ခင်ဗျားတို့ ဗောဇ္ဈင်နဲ့မဂ္ဂင်ကို တခြားစီ မယူလိုက်ပါနဲ့၊ သတိပဋ္ဌာန်လုပ်လို့ရှိရင် ဗောဇ္ဈင်မဂ္ဂင်ပါတာပဲ...။ (မှန်ပါ့)၊ ဒီလို တစ်ခါတည်း မှတ်ထားလိုက်ကြပါ...။ (မှန်ပါ့)။

သတိပဋ္ဌာန်လုပ်ရင်...(ဗောဇ္ဈင်မဂ္ဂင်ပါ,ပါတယ်)၊ ဗောဇ္ဈင်မဂ္ဂင် ပါရုံတင်မကပါဘူး၊ ဣန္ဒြေတွေ ဗိုလ်တွေ ဟုတ်လား အကုန်ပါသွားတာပဲ...။ (မှန်ပါ့)၊ ရှင်းပြီးလာ...။ (ရှင်းပါပြီဘုရား)၊ ဒါကြောင့် ဗောဓိပက္ခိယတရား ၃၇ ပါးလို့ ပောတာ...။ (မှန်ပါ့)၊ ဗောဓိပက္ခိယတရား ၃၇ ပါးဆိုတာ ကျန်တဲ့စေတသိက်တွေပါ ရေးထည့်လိုက်တယ်...။ (မှန်ပါ့)၊ မဂ်စိတ်ကိုယှဉ်တဲ့ စေတသိက်တွေနဲ့ ပေါင်းလိုက်တော့ ၃၇ ပါး ဖြစ်သွားတယ်...။ (မှန်ပါ့)။

**ဗောဓိပက္ခိယတရား**

အဲဒီတော့ ဗောဓိပက္ခိယတရားဆိုတော့ ဗောဓိက ဉာဏ်ကိုဟောတယ်။ ပက္ခိယက အဖို့ကို ဟောတယ်။ သစ္စာကို သိစေတတ်တဲ့ အဖို့အစု တရားတွေပဲ...။ (မှန်ပါ့)၊ ရှင်းပြီလား...။ (ရှင်းပါပြီ)။

ဘာတဲ့တုံး...။ (သစ္စာသိတဲ့ တရားစုတွေပါဘုရား)၊ သစ္စာသိစေတဲ့ တရားအစုအဖို့တွေပဲ။ တစ်ခုတည်းနဲ့တော့ လဲ မသိနိုင်ဘူး။ သူတို့ပေါင်းစုပြီးမှ သိနိုင်တယ်ဆိုပြီးတော့ ဗောဓိပက္ခိယလို့ ခေါ်လိုက်တာ...။ (မှန်ပါ့)၊ အဲဒီ ဗောဇ္ဈင် တရား မဂ္ဂင်ရော၊ ဣန္ဒြေရော၊ ဖိုလ်ရော၊ အကုန်ပေါင်းကာ မှတ်လိုက်ကြတာပေါ့...။ (မှန်ပါ့)။

ဒါ တခြားစီ လုပ်ရမှာလားဆိုတော့ ခင်ဗျားတို့ ဖြစ်ပျက်ရှုတဲ့အထဲ အကုန်ပါသွားပြီလို့ အောက်မေ့ပါ...။ (မှန်ပါ့)။

**ဖြစ်ပျက်ရှုရင် အားလုံးပါတယ်**

ကောင်းပြီ...ဒါဖြင့် စာကတော့ဖြင့် အမည်အမျိုးမျိုး ပြတာပဲ။ ဗောဇ္ဈင်တစ်ခါရှုရတော့မလို၊ မဂ္ဂင်တစ်ခါရှုရတော့ မလို၊ ဣန္ဒြေတစ်ခါလုပ်ရတော့မလို ဒီလိုထင်ကောင်း ထင်နေကြလိမ့်မယ်။ အဲဒီတော့ ဘုန်းကြီးက ရှင်းပြပါ့မယ်။

ဥပမာ ဖြစ်ပျက်ကိုရှုတယ်။ ဝေဒနာကလေးကို ဒကာ ဒကာမ တွေက ဖြစ်ပျက်ရှုလိုက်တယ်။ ဖြစ်ပျက်ရှုလိုက်တဲ့အခါ ကျတော့ သတိဗောဇ္ဈင်ကလဲ ပါပြီးသား။ သမာဓိဗောဇ္ဈင် ကလဲ ပါပြီးသား။ သမာဓိဗောဇ္ဈင်ကလဲ...(ပါပြီးသားပါ)၊ ဓမ္မဝိစယ ဆိုတဲ့ သမ္မာဒိဋ္ဌိကတော့...(ပါပြီးသားပါ)၊ ဝီရိယ သမ္ဗောဇ္ဈင်ဆိုတာကော...(ပါပြီးသားပါ)၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဆိုတာက သမာဓိနဲ့ကွဲတာ၊ ရှင်းပြီလား...။ (ရှင်းပါပြီ)၊ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတာကတော့ ဒီလိုမှတ်ပါတဲ့၊ ခင်ဗျားတို့ လိုချင်မှုလဲ မရှိဘူး၊ ပြစ်မှားမှုလဲ မရှိဘဲနဲ့ ရှုတယ်။ ဝိပဿနာ ပေက္ခာနဲ့ ရှုတယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ ဘုရား)၊ ဝိပဿနုပေက္ခာနဲ့ ရှုလိုက် တော့ ဥပေက္ခာသမ္ဗောဇ္ဈင် ကလဲ ပါသွားပြီ...။ (မှန်ပါ့)။

ဥပမာမယ်...ဦးသံဒိုင်က ဖြစ်ပျက်မြင်တယ်၊ ဦးအောင် ဖေကလဲ ဖြစ်ပျက်မြင်တယ်။ ဖြစ်ပျက်မြင်သဖြင့် ခင်ဗျားတို့ လိုချင်မှု လာသေးသလား...။ (မလာပါဘုရား)၊ ဒေါသ ဆိုတဲ့ ပြစ်မှားမှုကော...(မလာပါဘုရား)၊ မလာတော့ သူဟာ ဘြော်...ဒါဟာ ဖြစ်ပျက်ဟာ...ဖြစ်ပျက်ပဲ၊ အနိစ္စဟာ အနိစ္စပဲလို့ဆိုတော့ အနိစ္စသိခါမျှ မတွပဲရှိတယ်။ အနိစ္စပေါ်၌ သာယာမှု၊ ပြစ်မှားမှု မပါဘူး၊ တွေဝေမှုကော...(မလာ ပါဘုရား)၊ မလာတော့ ဒါဟာ ဥပေက္ခာဖြစ်နေတယ်...။

(မှန်ပါ)၊ အာရုံက ဥပေက္ခာသွားဖြစ်တယ်။ သဘောပါပြီလား...။ (ပါ,ပါပြီ)။

ကဲ...ဒီတော့ အာရုံက ဥပေက္ခာဖြစ်နေတော့ ဒီထဲမှာ ရှိတဲ့ဉာဏ်သည် ဝိပဿနုပေက္ခာသွားဖြစ်တယ်...။ (မှန်ပါ)၊ ဝိပဿနာလဲဖြစ်တယ်၊ ဥပေက္ခာလဲ ဟုတ်တယ်...။ (မှန်ပါ)။

ဒါ ဘယ်မှာ ဟောသတုံးလို့မေးတော့မှ ဥပရိပဏ္ဏာသပါဠိတော် ဣန္ဒြိယဘာဝနာသုတ်မှာ ဟောတယ်...။ (မှန်ပါ)၊ ဣန္ဒြိယ ဘာဝနာသုတ်မှာ ဒါကို သခ်ံတ တရားလို့ ရှုကြည့်စမ်းပါ။ ဝေဒနာကလေးဟာ သခ်ံတ တရားပဲလို့ ရှုကြည့်စမ်းပါ။ ပဋိစ္စသမုပ္ပန္န တရားကလေးပဲလို့ ရှုကြည့်စမ်းပါတဲ့...ဒီဥစ္စာသည်ကားလို့ဆိုရင် သာယာတာ ပြစ်မှားတာပါသေးသလား...။ (မပါ,ပါဘုရား)၊ ဒါဖြင့် ဝိပဿနာဥပေက္ခာ ဖြစ်မဖြစ်...(ဖြစ်ပါတယ်ဘုရား)၊ အဲ...ဝိပဿနာဖြစ်တယ်။ ဒါကြောင့် ဖြစ်ပျက်မြင်ရင် ဥပေက္ခာသမ္ဘောဈ်င်လဲပါပြီလို့ မှတ်ကြပါ...။ (မှန်ပါ)။

**မဂ်ဆိုက်မှ ဗောဓိပက္ခိယအစစ်**

သို့သော် ဗောဓိပက္ခိယအစစ်ဖြစ်ပြီလား...ဗောဓိပက္ခိယ၏ အသင်းအပင်းထဲသို့ ရောက်ရုံပဲလားလို့ဆိုတော့ လောကုတ္တရာမဂ်ဆိုက်မှ ဗောဓိပက္ခိယ အသင်းအပင်းအစစ်

ဖြစ်တယ်။ မဂ်မဆိုက်သေးလို့ရှိရင် မဖြစ်သေးဘူး။ အသင်းအပင်းထဲရောက်အောင် လုပ်နေတာလို့ မှတ်ထားရမယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ရောက်စေတတ်တဲ့ အသင်းအပင်းပေမယ့်လဲ ရောက်နေတဲ့ အသင်းအပင်းက တစ်မျိုး၊ မရောက်ခင် လုပ်နေတဲ့ အသင်းအပင်းက တစ်မျိုးလို့ မှတ်ကြပါ...။ (မှန်ပါ့)၊ ဒါက ဝိပဿနာက မရောက်ခင် လုပ်နေတဲ့ အသင်းအပင်း...။ (မှန်ပါ့)၊ ရှင်းကြပြီလား...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ မြို့ကြီးသွားပါတယ် ဆိုကတည်းကိုက မရောက်ခင်သွားနေတာလဲ အသွားပေါ့...။ (မှန်ပါ့)၊ ရောက်လို့ ဟိုထဲသွားတဲ့ အသွားလဲ...(အသွားပါဘုရား)၊ တို့ ရောက်အောင်သွားတဲ့နေရာမှာ မရောက်ခင်က မသွားလို့ရှိရင်လဲ မြို့ရှိတဲ့နေရာလဲ ရောက်မှာ မဟုတ်ပါဘူး...။ (မရောက်ပါဘုရား)၊ သဘောပါပြီလား...။ (ပါ,ပါပြီ)။

ဒါဖြင့် မရောက်ခင်က အသွားလဲ မြို့အသွားပဲ။ ရောက်လို့ မြို့ထဲသွားတဲ့ အသွားလဲ မြို့အသွားပဲ...။ (မှန်ပါ့)၊ ဒီလိုပဲ မြို့ကြီးနဲ့တူတဲ့ နိဗ္ဗာန်ကို သွားတဲ့အခါကျလို့ရှိရင် ဝိပဿနာလဲ အသွားပဲ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ)။

ဝိပဿနာလဲ အသွားပဲ။ ဝိပဿနာမဂ်ဆိုက်သွားပြန်

တော့လဲ...(အသွားပါပဲ)၊ အသွားပဲလို့ မှတ်ပါတဲ့။ ဘာကြောင့်တုံးဆိုတော့ လမ်းရှည်သကိုး...။ (မှန်ပါ့)၊ ဥပမာဒီမြို့နဲ့ သုံးမိုင်ဝေးတယ်၊ နှစ်မိုင်ကို ဝိပဿနာကပို့ပြီး တစ်မိုင်ကို လောကုတ္တရာမဂ်က ပို့ရင်လဲ ပြီးတာပဲ...။ (မှန်ပါ့)။

အဲဒီတော့ အစက မသွားလို့ရှိရင်လဲ မောင်သစ် ရောက်စရာကို မြင်သေးရဲ့လား...။ (မမြင်ပါဘုရား)။

အဲဒါကြောင့် ဗောဓိပက္ခိယအသင်းအပင်းတစ်မျိုး၊ ဗောဓိပက္ခိယစစ်သွားတာတစ်မျိုး...။ (မှန်ပါ့)၊ ပေါ်ကြပြီလား...။ (ပေါ်ပါပြီ)။

**သစ္စာသိတာဗောဓိ**

ဗောဓိပက္ခိအသင်းအပင်းက...(တစ်မျိုးပါဘုရား)၊ အဲဒါက ဝိပဿနာဉာဏ်၊ ရှင်းပြီနော်...။ (မှန်ပါ့)၊ ရောက်သွားတာကတော့ မဂ်လဲဆိုက်သွားပြီ၊ ဗောဓိလဲ ဖြစ်သွားပြီ...။ (မှန်ပါ့)၊ သစ္စာသိသွားပြီ။ သစ္စာသိတာ ဗောဓိ ခေါ်ကြပါစို့...။ (မှန်ပါ့)၊ သဘောပါကြပြီလား...။ (ပါ,ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် ဗောဓိကို ရချင် ရောက်ချင်ရင် ဗောဓိအကြောင်းကို အရင်စ,ရလိမ့်မယ်...။ (မှန်ပါ့)။

ဗောဓိဖြစ်ဖို့ရာ ဘယ်ကစ,ကြမယ်...(ဗောဓိဖြစ်

ကြောင်းက စ,ကြရပါမယ်)၊ အဲ...ဗောဓိဆိုတာက သစ္စာသိတာ၊ ဗောဇ္ဈင်ဆိုတာက သစ္စာသိတာ...။ (မှန်ပါ့)၊ ဗောဓိအကြောင်းက မစ,လို့ရှိရင် ဗောဓိဖြစ်နိုင်ပါ့မလား...။ (မဖြစ်နိုင်ပါဘုရား)။

ကိုင်း...ဒါဖြင့် ဗောဓိအဲကြောင်းဟာ ဘယ်သူတုံးဆိုတော့ ဝိပဿနာပဲ...။ (မှန်ပါ့)၊ ပေါ်ကြပြီလား...။ (ပေါ်ပါပြီ)။

**ဝိပဿနာဆိုတာ**

အဲဒီတော့ ဝိပဿနာဗောဓိဆိုတာလဲ အရေးကြီးတယ်တဲ့။ ဗောဓိဖြစ်ကြောင်းကို မလုပ်ဘဲနဲ့ ဗောဓိဖြစ်လာမှာ မဟုတ်ဘူး...။ (မှန်ပါ့)၊ ဖြစ်နိုင်ပါ့မလား...။ (မဖြစ်နိုင်ပါဘုရား)။

ဒီလိုဖြစ်မယ်ဆိုလို့ရှိရင် ဝိပဿနာမဂ်ဟာ သံယုတ်ပါဠိတော်မှာ ဟောထားတယ်။ ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ။ ဘယ်တရားသည် နိဗ္ဗာန်သို့ သွားကြောင်း မဂ်ဖြစ်သနည်းဆိုတော့ ဝိပဿနာလို့ ဘုရားက ဟောထားတယ်...။ (မှန်ပါ့)၊ ပေါ်ကြပြီလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာမပါဘဲနဲ့၊ ဝိပဿနာအသင်းအပင်းမလုပ်ဘဲနဲ့ တကယ့် ဗောဓိအစစ်ဖြစ်နိုင်ပါ့မလား...။ (မဖြစ်

နိုင်ပါဘုရား)၊ ဗောဓိပက္ခိယအသင်းကို ရှေးဦးစွာလုပ်ပြီး တော့မှ ဗောဓိဖြစ်မှာ...။ (မှန်ပါ့)၊ သဘောပါကြပြီလား...။ (ပါ,ပါပြီ)။

**ဝိပဿနာရှမှ ကိစ္စပြီးတယ်**

ဒါဖြင့် ဝိပဿနာရှုမှပဲ ကိစ္စပြီးမယ်...။ (မှန်ပါ့)၊ ဝိပဿနာမရှုရင်...။ (ကိစ္စမပြီးပါဘုရား)။

သေသေချာချာမှတ်ကြပါ ဒကာ ဒကာမတို့။ ဘုရား သခင်ကိုယ်တော်မြတ်ကြီးလဲ ဒီကနေတက်တာပဲ။ ဒီပြင် အရိယာတွေဟူသရွေ့လဲ...။ (ဒီကနေတက်တာပါဘုရား)၊ ဒီဝိပဿနာကနေ တက်ကြတာပဲ။ ဘယ်သူမှ ဗောဓိက မွေးလို့ ဗောဓိကလေး အလိုလိုဖြစ်လာတယ်လို့ မရှိဘူး...။ (မှန်ပါ့)၊ ဗောဓိက မွေးလဲ မမွေးဘူး၊ ဗောဓိလဲ အလိုလို မဖြစ်နိုင်ဘူး။ သူ့အသင်းအပင်းကနေ တက်လို့ရှိရင် ခင်ဗျား တို့ ရကြမှာပဲ...။ (မှန်ပါ့)၊ သူ့အသင်းအပင်းကနေပြီး မတက်လို့ရှိရင်...(မရကြပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ကို သင်ပေးနေတာ ဘာတုံးဆိုတော့ ဗောဓိပက္ခိယအသင်းအပင်းတရားတွေကို ဗောဓိမဆိုက်ခင် ဗောဓိမျိုးစေ့ပေးနေတာ...။ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ... ( ,ဗာဓိမဆိုက်ခင် ဗောဓိ မျိုးစေ့ပေးနေတာပါ)။

အဲဒါကြောင့် မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ သတိပဋ္ဌာန်လုပ်ရင် ဗောဓိဖြစ်တာပါပဲ...။ (မှန်ပါ့)၊ ဗောဇ္ဈင်မဂ္ဂင်ဆိုတာ အထူးလုပ်နေစရာမဟုတ်ပါဘူးတဲ့၊ သတိပဋ္ဌာန်လေးပါးကိုဆိုတာ...။ (မှန်ပါ့)၊ ပေါ်ကြပြီလား...။ (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သတိပဋ္ဌာန် အလုပ်,လုပ်နေတော့၊ ဖြစ်ပျက်ရှုနေတော့ ဩော်...ဗောဇ္ဈင်မှပါရဲ့လား၊ မဂ္ဂင်မှပါရဲ့လားလို့ တွေးတောနေစရာ လိုသေးသလား...။ (မလိုပါဘုရား)၊ သဘောပါကြပြီနော်...။ (ပါ,ပါပြီဘုရား)။

ဩော်...ဒါဖြင့် ခင်ဗျားတို့ လုပ်မြဲတိုင်းသာလုပ်၊ သူတို့ဟာသူတို့ လာလိမ့်မယ်။ ခင်ဗျားတို့ကတော့ ခင်ဗျားတို့ဉာဏ်နဲ့ ခင်ဗျားတို့ခန္ဓာကိုယ် ဒုက္ခသစ္စာမြင်အောင်ကြည့်နေဖို့ပဲ...။ (မှန်ပါ့)၊ ဒီတရားတွေက ခင်ဗျားတို့ကြည့်နေတဲ့အခါကျလို့ရှိရင် ခင်ဗျားတို့ ဉာဏ်ထက်သလောက် တရားတွေက အသီးသီးဝင်လာမှာပဲ...။ (မှန်ပါ့)၊ ဉာဏ်မထက်ရင်တော့...(မဝင်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က လုပ်ဖို့ပဲ၊ ဗောဓိပက္ခိယအသင်းအပင်းက ဒီအထဲမှာ ဉာဏ်ထက်လာလို့ရှိရင် အသီးသီးဝင်လာဖို့ပဲ...။ (မှန်ပါ့ဘုရား)၊ သဘောကျပြီလား...။ (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က လက်မှတ်"ခံ"စီးဖို့ပဲ၊ ရထားက သူ့ဟာသူ ခုတ်ဖို့ပဲ...။(မှန်ပါ)၊ ခင်ဗျားတို့က လက်မှတ်"ခံ"မစီးလို့ရှိရင်တော့ ရထားက မပို့နိုင်ဘူး...။ (မှန်ပါ)။

အဲဒီတော့ လက်မှတ်"ခံ"စီးနေတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် မန္တလေးရောက်ရပါလို၏လို့ ဆုတောင်းနေဖို့ မလိုဘူး...။ (မလိုပါဘုရား)၊ ဘာကြောင့်တုံးဆိုတော့ လက်မှတ်ရထားတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် အရောက်ပို့မှာပဲ...။ (မှန်ပါ)၊ လက်မှတ်မရထားတဲ့ ပုဂ္ဂိုလ်ဆိုရင်... (မပို့ပါဘုရား)။

ဒီမှာလဲ ဝိပဿနာလက်မှတ်ရလို့ရှိရင်ဖြင့် ခင်များတို့ မန္တလေးနဲ့တူတဲ့ နိဗ္ဗာန်၊ ရန်ကုန်နဲ့တူတဲ့ နိဗ္ဗာန်ကို အရောက်ပို့မှာပဲ...။ (မှန်ပါ)၊ ဒါတွေမလုပ်တဲ့ ပုဂ္ဂိုလ်တော့...(မရောက်ပါဘုရား)။

ကဲ ဒါဖြင့်...ဗောဓိမျိုးစေ့သည် ဝိပဿနာပဲ...။ (မှန်ပါ)၊ မဂ်၏မျိုးစေ့ကော...(ဝိပဿနာပါပဲ)၊ မဂ်လဲ စုံမှ မစုံသေးဘဲ...။ (မှန်ပါ)၊ ဗောဇ္ဈင်လဲ အကုန်မစုံနိုင်သေးဘူး။ သို့သော် သာမညကတော့ အကုန်ဝင်နေတယ်...။ (မှန်ပါ)၊ သာမညတော့ ဗောဇ္ဈင်ခုနစ်ပါး အကုန်ဝင်တယ်...။ (မှန်ပါ)၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာဟုတ်လား...၊ အကုန်ဝင်တာပဲ...။ (မှန်ပါ)။

ကိုင်း ဒါဖြင့်...ဒါ ဗဟုသုတရှိအောင်လို့သာ ဆရာဘုန်းကြီးက ပြောပြလိုပါတယ်။ မဟာဝဂ္ဂသံယုတ်မှာ သတိပဋ္ဌာန်လုပ်ရင် အကုန်ပါတာပဲ...။ (မှန်ပါ)၊ ရှင်းပြီလား...။ (ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်လုပ်ရင်...(အကုန်ပါ,ပါတယ်ဘုရား)၊ အကုန်ပါတာပဲဆိုတော့ နာမည်ကလေး ပြောင်းတာနဲ့ တရားတစ်မျိုးလို့ မမှတ်လိုက်ပါနဲ့...။ (မှန်ပါ)၊ သမ္မာဒိဋ္ဌိလို့နာမည်ပြောင်းတော့ အမှန်အကန်မြင်တာကို ဆိုတယ်...။ (မှန်ပါ)၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်လို့ အမည်ပြောင်းတော့ စိစိစစ်စစ်မြင်တယ်လို့ပြောတာ...။ (မှန်ပါ)၊ ထူးသေးရဲ့လား...။ (မထူးပါဘုရား)၊ မထူးပါဘူးတဲ့၊ သမ္မာဒိဋ္ဌိနဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟာ ပညာစေတသိက်တစ်ခုတည်း...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိက မြင်တာ၊ အမှန်အကန်မြင့်ရင် သူ့ကို ဘာခေါ်ကြမယ်...။ (သမ္မာဒိဋ္ဌိပါ)၊ ဪ... ဒိဋ္ဌိပြင်ဟာကို အရမ်းမြင်တာ မဟုတ်ဘူး၊ စိစစ်မြင်တာဆိုတော့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ပြောင်းပစ်ရတယ်...။ (မှန်ပါ)၊ ဓမ္မက တရား၊ ဝိစယက စိစစ်တာ၊ သဘောကျပလား...။ (ကျပါပြီ)၊ စိစိစစ်စစ်မြင်တာဆိုတော့ အမှန်အကန်မြင်တာနဲ့ ထူးသေးရဲ့လား...။ (မထူးပါဘုရား)။

အဲဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ဖြင့် သတိပဋ္ဌာန်တစ်ခုလုပ်လိုက်လို့ရှိရင် ဗောဇ္ဈင်မဂ္ဂင် အကုန်ပါတယ်တဲ့...။ (မှန်ပါ့)၊ သဘောပါကြပြီလား...။ (ပါ,ပါပြီ)။

အဲဒီလိုဟောလိုက်တဲ့အခါကျတော့ ဗောဇ္ဈင် ကြိုးစားကြ။ ဒါမှ အသားအရေနဲ့ တွဲနေတော့ အကြောကလေးတွေဟာ ဒါမှ ပြတ်မယ်။ ရှုနေတာက ကိလေသာဖြတ်နေတာလို့ ရှင်နန္ဒက ဟောလိုက်တဲ့အခါကျတော့ ဘိက္ခုနီမတွေက တရားနာရင်း တစ်နေ့ကပြောသလို ဒေသနာဉာဏာနုသာရေနဉာဏ်ပေသေန္တ သသ ဉာဏုတ္တရသ ဟောတိ။ ဒေသနာ ဉာဏာနု သာရေန ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် ဒီက ဟောလိုက်တဲ့ ဒေသနာစကားတွေကို သူတို့ဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ အစဉ်လျှောက်ပစ်လိုက်တယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘိက္ခုနီမတွေဉာဏ်နဲ့ ခန္ဓာထဲ အစဉ်လျှောက်ပစ်လိုက်တယ်...။ (မှန်ပါ့)။

ဒေသနာဉာဏာနု သာရေနတဲ့...ဟိုက ဟောတဲ့ ဒေသနာအစီအစဉ်အတိုင်း သြော်...ဘယ်ဟာက အကြောပဲ၊ အကြောဆိုတာ တဏှာ၊ သူ့ကို ဖြတ်ရမတဲ့ဆိုတော့ ကိုယ့်ခန္ဓာထဲက တဏှာကို ဖြတ်ကြတယ်...။ (မှန်ပါ့)။

ဉာဏ်ပေသေန္တ သသ တဲ့ ...ဟောတဲ့နည်းကိုယူပြီး

သူတို့ဉာဏ်က ခန္ဓာထဲ လွှတ်ပေးလိုက်တယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

**နားက တရားနာ ဉာဏ်က ခန္ဓာရှုသည့်ရှု**

ဒါကြောင့် နားက တရားနာပြီး ဉာဏ်က ခန္ဓာလွှတ်ပေးတယ်။ ဘုန်းကြီးတို့သုံးတော့ ဒီလိုသုံးတယ်။ နားက တရားနာပြီး ဉာဏ်က ခန္ဓာလှုညည့်ရှု...။ (မှန်ပါ့)၊ အတူတူပဲ...။ (မှန်ပါ့)၊ အထက်က အဋ္ဌကထာပြောတဲ့ အဓိပ္ပာယ်ကို ပြောတာပဲ...။ (မှန်ပါ့)။

ဉာဏုတ္တရသဟောတိ။ ဉာဏုတ္တရဆိုတာ...ဉာဏ+ဥတ္တရ ဉာဏ်၏ထက်မြက်လာခြင်းပဲ။ ဉာဏ်ထက်မြက်လာတယ်...။ (မှန်ပါ့)။

ဒေသနာဉာဏ် အစဉ်လျှောက်ပြီး ခန္ဓာဉာဏ် လွှတ်လိုက်တော့ ဘာဖြစ်လာသတုံး...။ (ဉာဏ်ထက်လာပါတယ်ဘုရား)။

ဒါ သေသေချာချာမှတ်ပါ။ တရားနာတာ ဒီနည်းအတိုင်း နာရမယ်။ တရားအားထုတ်လဲ ထို့အတူပဲ...။ (မှန်ပါ့)၊ ဒေသနာဉာဏ်ကိုတော့ဖြင့် အစဉ်လျှောက်ရမယ်။ ပြီးတော့ ဉာဏ်က ဘယ်လွှတ်ရမတုံး...။ (ခန္ဓာထဲလွှတ်ရပါမယ်)၊ ဉာဏ် ဉာဏ်ကို၊ ပေသေန္တသ ခန္ဓာထဲလွှတ်သော ပုဂ္ဂိုလ်အား ဉာဏုတ္တရသဟောတိ ဉာဏ်ထက်လာတယ်

တဲ့...။ (မှန်ပါ့)၊ ဉာဏ်ထက်လာတယ်ဆိုတော့ ဒကာ ဒကာမတို့ သိတဲ့အတိုင်း ဉာဏ်လွတ်ပြီးမှ ထက်တာ...။ (မှန်ပါ့)၊ ဉာဏ်မလွတ်ခင်က...(မထက်ပါဘူး)၊ ဪ... ဒါဖြင့် ဝိပဿနာမဂ်က လောကုတ္တရာမဂ်ကူးတယ်လို့ ပြောတာ...။ (မှန်ပါ့)။

ဉာဏ် ပထမလှည့်နေတုန်းကတော့ ဝိပဿနာမဂ် ပဲ...။ (မှန်ပါ့)၊ လှည့်ပါများလို့ ထက်လာတာက ဘာဆို ကြမယ်...။(လောကုတ္တရာမဂ်ပါဘုရား)၊ အဲ...လောကုတ္တရာ မဂ်ကို ခင်ဗျားတို့ ဖြန်းခနဲ ရလိမ့်မယ်လို့ ဘယ်တော့မှ မအောက်မေ့ပါနဲ့တဲ့...၊ ဝိပဿနာဉာဏ် ထက်ရမယ်။ ဒါကို ပြောတာပဲ။ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

**ရည်မှန်းချက်ပြည့်ကြပြီ**

အဲဒီလို ဟောလိုက်တော့ ဘိက္ခုနီမတွေက သူတို့ ရည်မှန်းတဲ့အတိုင်း ကျုပ်တို့ဖြင့် ရှင်နန္ဒကတရား နာရရင် သောတာပန်တည်မှာပဲဆိုတဲ့အတိုင်း သောတာပန်တည်တယ်။ သူတို့မှန်းခြေ အောက်ကျနေတယ်...။ (မှန်ပါ့)၊ တချို့ သကဒါဂါမ်တည်မှာပဲဆိုတဲ့ ပုဂ္ဂိုလ်တွေက သကဒါဂါမ် တည်တယ်...။ (မှန်ပါ့)၊အချို့က အနာဂါမ်တည်မှာပဲဆိုတဲ့ ပုဂ္ဂိုလ်က...(အနာဂါမ်တည်ပါတယ်)၊ ရဟန္တာဖြစ်မှာပဲလို့ မှန်းခြေရှိတဲ့ပုဂ္ဂိုလ်က...(ရဟန္တာဖြစ်ပါတယ်)၊ အဲဒီတော့

မှန်းခြေတော့ အောက်ကျလို့မရဘူး။ သဘောကျပလား...။ (ကျပါပြီ)၊ မှန်းခြေအောက်ကျရင်တော့ အောက်ကျတဲ့မဂ် ရတာပဲ။ သဘောပါပလား...။ (ပါ,ပါပြီ)။

မှန်းခြေအောက်ကျတယ်ဆိုတာက ဆန္ဒဝီရိယ ဘယ့်နှယ်နေကြသတုံး...။ (လျော့ပါတယ်ဘုရား)၊အဲဒီတော့ ဆန္ဒဝီရိယဟာလဲ အထက်တန်းကနေပြီး ခင်ဗျားတို့က ထားမှ သာလျှင်လဲ အထက်တန်းမဂ်ကို ရနိုင်မယ်...။ (မှန်ပါ့)။

ဆန္ဒဝီရိယက ဒီဘဝတော့ဗျာ ကျုပ်တို့တော့ ရူပလောက်ပဲ တော်ပြီဆိုရင် သွားပြီ...။ (မှန်ပါ့)၊ သွားပြီ၊ သွားပြီ၊ ရမယ်မဟုတ်ပါဘူး...။ (မှန်ပါ့)။

**ဆန္ဒဝီရိယ အထက်တန်းထားကြပါ**

ရူပသောတာပန်လောက်ဆိုရင် ရူပသောတာပန် လောက်ပဲ တင်မှာပဲ။ သူ့ဝီရိယဆန္ဒက ဒီမှာကိုး...။ (မှန်ပါ့)၊ ကျုပ်တို့တော့ဗျာ ဒီနေ့ မဗ္ဗလေးတော့ သွားတော့ သွားရ ဦးမယ်။ သို့သော်လဲ တမ္ဗဝတီလောက် ရောက်ရင် ကြိုက်ပါပြီဆိုတော့ မဗ္ဗလေး ရောက်မှာ သူ့ကိုက စိတ်မှ မကူးပဲ...။ (မှန်ပါ့)၊ ဝီရိယဆန္ဒက အဲဒီရောက်သေးရဲ့ လား...။ (မရောက်ပါဘုရား)၊ မဗ္ဗလေးမရောက်ဘူး၊ တမ္ဗဝတီလောက်ပဲ...။ (မှန်ပါ့)၊ ဒီလိုဖြစ်လို့ရှိရင် ဒီလိုပဲ ရမယ်...။ (မှန်ပါ့)။

အဲဒါကြောင့် အားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဒီဘဝဖြင့် ခန္ဓာဇာတ်သိမ်းမယ်၊ ဒီစိတ်ကို ပြင်ကြပါ....။ (မှန်ပါ့)၊ ဒီစိတ်မပြင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ အောက်တန်းပဲရောက်မယ်...။ (မှန်ပါ့)၊ အခု ဒီ ဘိက္ခုနီမတွေလဲ တစ်ခါတည်း သူတို့ရည်မှန်းတဲ့အတိုင်း သောတာပန်တည်တဲ့ပုဂ္ဂိုလ်ကလဲ ကျုပ်တော့ တည်မှာပဲဆိုရင် သူက သောတာပန်လောက်နဲ့ ရပ်တယ်...။ (မှန်ပါ့)၊ ဒါဖြင့်...သူတို့မှန်းခြေအတိုင်း အချိုးကျ မဖြစ်ကြဘူးလား...။ (ဖြစ်ပါတယ်)၊ အဲဒါ ဘာကြောင့်တုံးမေးရင် ပါရမီဆိုကြမလား၊ ဆန္ဒဝီရိယဆိုကြမလား...။ (ဆန္ဒဝီရိယပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဆန္ဒဝီရိယကို အထက်တန်းထားပါ။ ဘယ်တော့မှ မလျှော့ပါနဲ့ဆိုတာ သဘောပေါက်ပါသလား...။ (ပေါက်ပါပြီ)။

အဲဒီလိုပြောလိုက်တော့မှ အကုန် သူတို့မှန်းခြေအတိုင်း တည်ကြပြီဆိုတော့ ကဲ...ဘိက္ခုနီမတို့ အချိန်တန်ပြီ သွားကြတော့ဆိုပြီး ဘုရားဆီသွားကြတာပဲ...။ (မှန်ပါ့)။

ဘုရားက အရင်နေ့တုန်းကတော့ (၁၄)ရက်လနဲ့ တူသကွာ၊ ဒီနေ့တော့ (၁၅)ရက်လဖြစ်လာတယ်။ ဘုရားက ပြောတာပေါ့လေ...။ (မှန်ပါ့)။

ပထမနာတုန်းကတော့...မနေ့ကနာတုန်းကပေါ့ဗျာ...။ (မှန်ပါ့)၊ (၁၄)ရက်လနဲ့ တူတယ်ကွ၊ ဒီနေ့တော့ဖြင့် (၁၅) ရက်လနဲ့ တူတယ်ပေါ့...ဘယ့်နှယ်တုံး တူကြရဲ့လားလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးမေးတော့ မှန်ပါတယ်ဘုရား၊ ဒီနေ့တော့ဖြင့် အလိုဆန္ဒအကုန်ပြည့်ပါပြီ ပြောတာ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

အဲဒါ အကုန် သောတာပန်တည်တာ၊ မဂ္ဂပစ္စယောက ပို့တာ...။ (မှန်ပါ့)၊ ဥပနိဿယပစ္စယောက ဒီဆရာ ဒီသမားနဲ့တွေ့ဖို့ မို့လိုက်တယ်။ မဂ္ဂပစ္စယောက ကိုယ်တိုင် တရားနာ၊ ကိုယ်တိုင်လုပ်ယူလိုက်တယ်...။ (မှန်ပါ့)၊ ဒီနှစ်ခု ကင်းလို့တော့ဖြင့်...(မရပါဘုရား)၊ မဖြစ်နိုင်ဘူးဆိုတာ သေချာပလား...။ (သေချာပါပြီ)၊ ကဲ...ရှင်းပြီ...နာရီလဲ ပိုသွားပြီ။ တော်ကြစို့...။

သာဓု...သာဓု...သာဓု...။